၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

Voice of Burma

Published by Voice of Burma Information Group Issue No.947, December 1, 2013

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: mgthuka@gmail.com , koko@gol.com

ကာချုပ်တဦးတည်း အာဏာရှိနေတဲ့ ဖွဲ့စည်းပုံပြင်ဆင်ရေး ဒေါ်စုဝေဖန်

VOA ၊ နိုဝင်္ဘာ ၂၇ ။။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပထမဆုံးအကြိမ် သြစတြေးလျှားနိုင်ငံခရီးစဉ်အတွင်း မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ အပြောင်းအလဲတွေ ပေါ်ပေါက်လာဖို့အတွက် စစ်တပ်ရဲ့ထောက်ခံမှုလိုအပ်နေတဲ့အကြောင်း ပြောသွားပါတယ်။

မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ထွန်းကားလာစေဖို့ သြစတြေးလျှား အပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းက အားပေးကူညီမှုတွေရှိပေမဲ့ အသွင်ကူးပြောင်းရေးအတွက် စိန်ခေါ်မှုတွေ ရှိနေတာတွေကိုအလေးထားပြောဆိုခဲ့တာပါ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သြစတြေးလျှား ခရီးစဉ် ပထမနေ့နဲ့ပတ်သက်လို့ အပြည့်အစုံကိုတော့ ကိုအောင်လွင်ဦးက တင်ပြထားပါတယ်။

မြန်မာနိုင်ငံမှာ မကြာသေးခင် နှစ်တွေအတွင်း အပြောင်းအလဲတွေ တွေ့မြင်လာနေရပေမဲ့ ခိုင်မာတဲ့ အခြေအနေမှာ မရှိသေးတာကို နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့သတိမူကြဖို့၊အထူးသဖြင့်အသွင်ကူးပြောင်းရေးအတွက် အဓိက အဟန့်အတား ဖြစ်နေရတဲ့ ဖွဲ့စည်းပုံအခြေခံပြဿနာကိုပြင်ဆင်နိုင်ဖို့ လိုအပ်နေတာတွေကို ဒေါ်အောင်ဆန်းစုကြည် အလေးထား ပြောသွားတာဖြစ်ပါတယ်။ ဒီလိုပြောင်းလဲနိုင်ဖို့အတွက်လည်း စစ်တပ်ရဲ့ အားပေးထောက်ခံမှု အဓိက လိုအပ်နေတယ်လို့ ဆစ်ဒနီမြို့က နာမည်ကျော် Opera House မှာ သြစတြေးလျှားနည်းပညာတက္ကသိုလ် (UTS) နဲ့ ဆစ်ဒနီတက္ကသိုလ်တို့က ချီးမြှင့်တဲ့ဂုဏ်ထူးဆောင်ဘွဲ့တွေကို လက်ခံရယူပြီးနောက် ပရိတ်သတ်ကို စကားပြောရာမှာ ဒေါ်အောင်ဆန်းစုကြည် ပြောဆိုသွားခဲ့တာပါ။

"မြန်မာနိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို အောင်အောင်မြင်မြင်လျှောက်လှမ်းနေပြီလို့ ယူဆသူတွေ ရှိတယ်ဆိုရင်တော့မှားပါလိမ့်မယ်။ ဘာကြောင့် မှားတယ်လို့ ပြောနိုင်သလဲဆိုတာကို သိချင်တယ်ဆိုရင်တော့ မြန်မာနိုင်ငံက အခြေခံဥပဒေကို လေ့လာကြည့်ရင်ပဲ သိနိုင်ပါတယ်။ သိပ်များများစားစား လုပ်စရာလည်း မလိုပါဘူး။ အသေအချာ လေ့လာကြည့်မယ်ဆိုရင် ဒီလို အခြေခံဥပဒေအောက်မှာ စစ်မှန်တဲ့ ဒီမိုကရေစီ မရနိုင်ဘူးဆိုတာကို သိရပါလိမ့်မယ်။"

အချေအတင် ဖြစ်စရာ အခြေအနေတွေအောက်မှာ အတည်ပြုခဲ့တဲ့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရ ဆိုရင်တော့ နိုင်ငံခြားသားနဲ့ဆွေမျိုးသားချင်း တော်စပ်သူအဖြစ် ဒေါ်အောင်ဆန်းစုကြည်ဟာ အစိုးရရဲ့အဆင့်မြင့် ရာထူးတွေကို တာဝန်ယူခွင့်လည်း မရှိပါဘူး။ ဒီလိုပြင်ဆင်စရာတွေ အများအပြားရှိနေတဲ့ အခြေခံဥပဒေနဲ့ပတ်သက်လို့လည်း ကာကွယ်ရေးဦးစီးချုပ်နဲ့ လွှတ်တော်တွင်းက တာဝန်ရှိသူတွေ၊ သမ္မတတို့ တွေ့ဆုံဆွေးနွေးရေးအတွက်လည်း ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ NLD ပါတီက မကြာသေးခင်ကပဲ တိုက်တွန်းထားတာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ အခြေခံဥပဒေ ပြင်ဆင်ရေးအတွက် လွှတ်တော်တွင်းမှာ ကိုယ်စားလှယ်တွေရဲ့ ၂၅ ရာခိုင်နှုန်းနေရာယူထားတဲ့စစ်တပ်က ထောက်ခံမှုရဖို့ လိုအပ်နေတာကို သြစတြေးလျှား ခရီးစဉ်အစမှာပဲ ပြောဆိုခဲ့တာပါ။

"ပြင်နိုင်တယ်၊ မပြင်နိုင်ဘူးဆိုတာနဲ့ ပတ်သက်လို့ ရွေးကောက်တင်မြှောက်ထား သူ မဟုတ်တဲ့ လူပုဂ္ဂိုလ်တယောက်ရဲ့ ဆန္ဒအပေါ်မှာ မူတည်နေတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဒီမိုကရေစီဆန်တယ်လို့ ခေါ်လို့ ရမှာတဲ့လား။ ဘာဖြစ်လို့လဲဆိုတော့ ကာကွယ်ရေး ဦးစီးချုပ်ဆိုတာက ရွေးကောက်တင်မြှောက်ထားသူ မဟုတ်ပါဘူး။ အခြေခံဥပဒေထဲက လုံးဝကို ဒီမိုကရေစီမဆန်တဲ့ ကိစ္စတွေ တသီတတန်းထဲမှာ ဒီကိစ္စက

စာမျက်နှာ ၅ သို့

ဥပဒေပြင်ဆင်ရေး တိုင်းရင်းသားခေါင်းဆောင်များနဲ့ ဒေါ်စုဆွေးနွေး
စာမျက်နှာ ၃

ဌက်ဖျားရောဂါ ပူးပေါင်းတိုက်ဖျက်ရေး လုပ်ငန်းရှင်တွေဆောင်ရွက်
စာမျက်နှာ ၈

အခြေခံဥပဒေပြင်ဆင်လိုသူ မျှားပြားကြောင်း စစ်တမ်းများမှဖော်ပြ
စာမျက်နှာ ၁၀

ဒေါ်အောင်ဆန်းစုကြည် သြစတြေးလျှားနိုင်ငံ ခရီးစဉ်စတင်
စာမျက်နှာ ၁၂

အမျိုးသမီးများအား အကြမ်းဖက်မှုပယောက်ရေး လှုပ်ရှားမှုစတင်
စာမျက်နှာ ၁၆

အကြမ်းဖက်မှုပယောက်ရေးနေ့ ချင်းမိုင် အမျိုးသမီးများအဖွဲ့ကျင်းပ
စာမျက်နှာ ၁၉

အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ တရားဥပဒေစိုးမိုးရေး ဒေါ်စုပြော

VOA ၊ နိုဝင်္ဘာ ၃၀ ။ ။ သြစတြေးလျားနိုင်ငံကိုရောက်နေတဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာနိုင်ငံတွင်း အမျိုးသားပြန်လည် သင့်မြတ်ရေးနဲ့ တရားဥပဒေစိုးမိုးရေး မရှိမဖြစ် အရေးတကြီးလိုအပ်နေတယ်လို့ မီးမောင်းထိုး ပြောဆိုသွားခဲ့ပါတယ်။ သူမရဲ့ခရီးစဉ်လေးရက်မြောက်နေ့မှာ Monash တက္ကသိုလ်က ပေးအပ်ချီးမြှင့်တဲ့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ နောက်တခုကို လက်ခံရယူချိန် အခုလို ပြောဆိုလိုက်တာပါ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သြစတြေးလျားခရီးစဉ်နောက်ဆုံးရသတင်းတွေကို မဆုမွန်က တင်ပြပေးထားပါတယ်။

သြစတြေးလျားနိုင်ငံ Melbourne မြို့ Monash တက္ကသိုလ်ကနေ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို ဥပဒေဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (Honorary Doctorate of Law) ကို နိုဝင်ဘာလ ၃၀ ရက်နေ့ မှာ ချီးမြှင့်ပေးအပ်လိုက်ပါတယ်။ ဆုလက်ခံရယူပြီးတဲ့နောက်မှာတော့ ဒေါ်အောင်ဆန်းစုကြည်က ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်နေတဲ့ မြန်မာနိုင်ငံတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ တရားဥပဒေစိုးမိုးရေး အပြန်အလှန် ဆက်စပ်နေတယ်လို့ မိန့်ခွန်းပြောကြားခဲ့ပါတယ်။

"ကျမတို့နိုင်ငံမှာ ပြန်လည်သင့်မြတ်ရေးဟာ အပြင်းအထန်လိုအပ်နေပါတယ်။ ပြန်လည်သင့်မြတ်ရေးနဲ့တရားဥပဒေစိုးမိုးရေးကို ကျမပြောရတာဟာ လွှတ်တော်ထဲက တရားဥပဒေစိုးမိုးရေးကော်တီဥက္ကဋ္ဌ အနေနဲ့သာ မဟုတ်ပါဘူး။ အမျိုးသားပြန်လည် သင့်မြတ်ရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့ဟာ အပြန်အလှန် ဆက်စပ်နေတယ်ဆိုတာ ကျမအလေးအနက် ယုံကြည်နေလို့ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးရဲ့ အသီးအပွင့်ကို အမှန်တကယ် ခံစားချင်တယ် ဆိုရင် ပြန်လည်သင့်မြတ်ရေးဟာ မရှိမဖြစ် လိုအပ်တဲ့အရာဖြစ်ပါတယ်။"

လွှတ်တော်တွင်း တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံတွင်း တရားဥပဒေစိုးမိုးရေး အားနည်းနေတယ်ဆိုတာကိုလည်း ထောက်ပြပြောဆိုသွားခဲ့ပါတယ်။

"မြန်မာနိုင်ငံမှာ တရားဥပဒေဆိုတာဟာ ပြည်သူအများစုကို ဖိနှိပ်ချုပ်ချယ်ဖို့၊ နှိပ်ကွပ်ဖို့၊ ကန့်သတ်ဖို့၊ သူတို့ရဲ့ကိုယ်စွမ်း၊ ဉာဏ်စွမ်းတွေကို ပြသနိုင်မယ့် အလားအလာတွေကို ပိတ်ပင်တားဆီးဖို့ တည်ရှိနေတာ ဖြစ်ပါတယ်။ အခုအခါမှာ ကျမတို့တရားဥပဒေဆိုတာဟာ သူတို့ကို ကာကွယ်ဖို့၊ အချင်းချင်း သဟဇာတ ဖြစ်စေဖို့၊ လုံခြုံမှုပေးဖို့၊လွတ်လပ်မှုပေးဖို့ ငြိမ်းချမ်းရေးဖော်ဆောင်ပေးဖို့၊ တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ပေးဖို့ ရှိနေတယ်ဆိုတာကို လူထုနားလည်လာအောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။"

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ရှိလာတဲ့အချိန် နိုင်ငံတွင်း တရားဥပဒေစိုးမိုးမှုရှိဖို့ အရေးတကြီးလိုအပ်တယ်ဆိုတာကိုလည်း ဒေါ်အောင်ဆန်းစုကြည်က အလေးအနက်ထားပြောဆိုသွားခဲ့ပါတယ်။

"ကျမတို့ဟာ နိုင်ငံရေးနဲ့လူမှုရေးတိုးတက်မှုတွေအတွက် သာမက စီးပွားရေးဖွံ့ဖြိုးမှုအတွက်လည်း တရားဥပဒေစိုးမိုးရေးကို လိုအပ်ပါတယ်။ မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ မျှော်လင့်ချက်နဲ့ စိတ်ဝင်စားမှုတွေအများကြီးရှိလာပါတယ်။ ကျမတို့ပြည်သူ လူထုအနေနဲ့ ဒီနိုင်ငံဟာ ကျန်ကမ္ဘာအနှံ့မှာ တွေ့ရခဲတဲ့ အောင်မြင်ပျော်ရွှင်မှုပန်းတိုင်ကို ရောက်ရှိနိုင်မယ့်နိုင်ငံဖြစ်ဖို့မျှော်လင့်နိုင်ပါတယ်။

သြစတြေးလျားနိုင်ငံကို ငါးရက်တာ ခရီးစဉ်အဖြစ်ရောက်ရှိနေတဲ့ ဒေါ်အောင်ဆန်း စုကြည်ဟာ ဒီဇင်ဘာလ (၁) ရက်နေ့မှာ ကျရောက်မယ့် ကမ္ဘာ့ AIDS နေ့ အခမ်းအနားကို ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်ဖို့ရှိတယ်လို့ သြစတြေးလျားနိုင်ငံက မြန်မာ့အရေးလှုပ်ရှားသူ ဒေါက်တာမြင့်ချိုက ပြောပါတယ်။

"မနက်ဖြန် ဒီဇင်ဘာလ (၁) ရက်နေ့၊ မနက် ၉ နာရီခွဲမှာ မဲလ်ဘုန်းမြို့က Dandenong ဘတ်စ်ကက်ဘောကွင်းကြီးထဲမှာ မြန်မာမိသားစုတွေနဲ့ တွေ့ပြီးတော့ မိန့်ခွန်းပြောဖို့ ရှိပါတယ်။ နာရီပိုင်း သိပ်မကြာခင်မှာပေါ့လေ- ကုလသမဂ္ဂ (၂၅) နှစ်မြောက် ညီလာခံကြီးမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ ကုလသမဂ္ဂ AIDS သံအမတ်ကြီးအဖြစ်နဲ့ အဖွင့်အမှာစကား ပြောကြားမယ်လို့ သိရပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခရီးစဉ်အတွင်း သြစတြေးလျားဝန်ကြီးချုပ်အပါအဝင် လွှတ်တော်အပါအဝင် ထိပ်ပိုင်းအစိုးရတာဝန်ရှိသူတွေနဲ့ တွေ့ဆုံခဲ့သလို သြစတြေးလျားတက္ကသိုလ်တွေကပေး အပ်ချီးမြှင့်တဲ့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့တွေကို လက်ခံရယူခဲ့ပြီး မြန်မာ့နိုင်ငံရေးလက်ရှိအခြေအနေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စတွေကိုလည်း အလေးအနက်ထားပြောဆိုဆွေးနွေးခဲ့ပါတယ်။ သြစတြေးလျားရောက် မြန်မာမိသားစုတွေနဲ့လည်း တွေ့ဆုံပြီး မြန်မာ့အရေးသိလိုသမျှမေးမြန်းချက်တွေကိုလည်း ဖြေကြားခဲ့ပါတယ်။

မထုတ်ဝေတဲ့ သတင်းစာ လိုင်စင်ရုပ်သိမ်း

RFA ၊ နိုဝင်္ဘာ ၃၀ ။ ။ ဒီနှစ် ဇူလိုင် ၁ ရက်နေ့ကစပြီး ပြန်ကြားရေးဝန်ကြီးဌာနက သတင်းစာ ၃၁ စောင်ထုတ် ဝေခွင့်ပြုခဲ့ရာမှာ ဒီကနေ့ထိ ထုတ်ဝေခြင်းမပြုနိုင်တဲ့ သတင်းစာ ၁၅ စောင်ကို လာမဲ့ ဒီဇင်ဘာလ ၃၁ ရက်နေ့ နောက်ဆုံးထားပြီး ထုတ်ဝေကြဖို့ အကြောင်းကြားမှာဖြစ်ပြီး မထုတ်ဝေရင် လိုင်စင်ရုပ်သိမ်း သွားမယ်လို့ သိရပါတယ်။

ဒီကနေ့ နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန မဂၢဇင်းတနာ ကျောက်စိမ်းခန်းမမှာကျင်းပတဲ့ ၂၇ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲနဲ့ ပတ်သက်လို့ ပြန်ကြားရေး ဝန်ကြီးဌာနက သတင်းထောက်တွေနဲ့တွေ့ဆုံတဲ့ သတင်းစာရှင်းလင်းပွဲမှာ မူပိုင်ခွင့်နဲ့ မှတ်ပုံတင်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ထည့်သွင်းပြောကြားတာ ဖြစ်ပါတယ်။

"ယခင်ခွင့်ပြုခဲ့တဲ့ သတင်းစာတွေအနက်က ထုတ်ဝေခွင့်စတင်ဆောင်ရွက်နိုင်စရာမရှိတဲ့ သတင်းစာ ၁၅ စောင်ရှိပါတယ်၊ သူတို့ရဲ့ ထုတ်ဝေခွင့် လက်မှတ်သက်တမ်းဟာ ၃၁ ရက် ၁၂ လမှာ ကုန်ဆုံးမှာဖြစ်ပါတယ်၊ သတင်းစာတစောင် စတင်ထုတ်ဝေဖို့ ပြင်ဆင်ချိန်ကာလဟာ ဒီလောက်ဆိုရင် လုံလောက်တဲ့အချိန်ဖြစ်ပါတယ်၊ စတင်ထုတ်ဝေခြင်းမရှိတဲ့ သတင်းစာတွေကို ကျနော်တို့ ၃၁ ရက် ၁၂ လ နောက်ဆုံးထားပြီးတော့ အကြောင်းကြားမှာဖြစ်ပါတယ်၊ တကယ်လို့ ထုတ်ဝေနိုင်ခွင့်မရှိခဲ့လို့ရှိရင် ထုတ်ဝေခွင့်ကို ပိတ်သိမ်းသွားမှာဖြစ်ပါတယ်"

လက်ရှိမှာလည်း ထုတ်ဝေခွင့်ရထားတဲ့ ဂျာနယ် ၃၂ စောင်နဲ့ မဂ္ဂဇင်းအစောင် ၂၀ ရှိနေဆဲဖြစ်ပြီး အဲဒီဂျာနယ်တွေနဲ့ မဂ္ဂဇင်းတွေဟာ ကာလစည်းကမ်းသတ်မှတ်ချက်ထက် ကျော်လွန်နေပြီဖြစ်တဲ့အတွက် လာမဲ့ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ စတင်ထုတ်ဝေတာတွေမရှိရင် ထုတ်ဝေခွင့် ရုပ်သိမ်းသွားမယ်လို့လည်း ပြောခဲ့ပါတယ်။

ဥပဒေပြင်ဆင်ရေး တိုင်းရင်းသားခေါင်းဆောင်များနဲ့ ဒေါ်စုဆွေးနွေး

VOA ၊ နိုဝင်ဘာ ၂၅ ။ ။ မြန်မာပြည်ကိုရောက်နေတဲ့ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ် ကောင်စီ UNFC ခေါင်းဆောင်တွေဟာ ဒီကနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံပြီး ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဖက်ဒရယ် ပြည်ထောင်စုအမြန်ဆုံး ပေါ်ထွန်းရေးတို့ကို ဆွေးနွေးခဲ့ပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်မဟာမိတ်အဖွဲ့ ကိုယ်စားလှယ်တွေရဲ့ ရန်ကုန်မြို့ခရီးစဉ် တစ်တ်တပိုင်းအဖြစ် ဒီကနေ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးရာမှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးနဲ့ အသစ်ရေးဆွဲရေး ကိစ္စတွေလည်း ပါဝင်ခဲ့ပါတယ်။ ဒီသတင်းအပြည့်အစုံကို ဌေအိုအေမြန်မာပိုင်းသတင်းထောက် ကိုမိုးဇော်က တင်ပြထားပါတယ်။

အစိုးရရဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ် ငန်းကော်မတီရဲ့ ဖိတ်ကြားချက်အရ မြန်မာပြည်ကိုရောက်ရှိနေတဲ့ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC ခေါင်းဆောင်တွေဟာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီကနေ့ မွန်းလွဲ ၃ နာရီခွဲ ကနေ ၅ နာရီ အထိ တွေ့ဆုံဆွေးနွေးခဲ့တာဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲမှာ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စု အမြန်ဆုံး ပေါ်ထွန်းရေးတို့ကို အဓိက ဆွေးနွေးခဲ့ကြတယ်လို့ UNFC ရဲ့ အထွေထွေ အတွင်းရေးမှူး နိုင်ဟံသာက ပြောပါတယ်။

"အဓိက-ကတော့ ကျနော်တို့နိုင်ငံကို အမြန်ငြိမ်းချမ်းရေးရနိုင်ဖို့နဲ့ တဘက်ကတော့ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖော်ဆောင်ရေးမှာ မြန်ဆန်ဖို့ပေါ့ဗျာ။ တဘက်က ပီပြင်ဖို့ပေါ့လေ-အဲဒါတွေကို ဆွေးနွေးကြတယ်။"

ဒါ့အပြင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်လို့လည်း ဆွေးနွေးခဲ့တယ်လို့ ဆက်ပြောပါတယ်။ နှစ်ဖက်တွေ့ဆုံအပြီး ကျင်းပတဲ့ သတင်းမီဒီယာတွေနဲ့ တွေ့ဆုံစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ် သို့မဟုတ် ပြင်ဆင်ဖို့နဲ့ပတ်သက်ပြီး အခုလို ပြောဆိုခဲ့ပါတယ်။

"ဒီကိစ္စအပေါ်မှာ အခြေခံပြီးတော့ စိတ်ဝမ်းကွဲတာလုံးဝမရှိပါဘူး။ အားလုံး လိုလားတာက စစ်မှန်တဲ့ ဒီမိုကရေစီပြည်ထောင်စုပဲ။ အဲဒီပြည်ထောင်စုဖြစ်ဖို့ဆိုလို့ရှိရင်၊ ပေါ်ပေါက်ဖို့ဆိုရင် ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဒီပုံစံနဲ့တော့ မရဘူးဆိုတာ ကျမတို့ လုံးဝ အားလုံးသဘောတူတယ်။"

UNFC က ၂၀၀၈ ဖွဲ့စည်းပုံကို အသစ်ပြန်လည်ရေးဆွဲဖို့အတွက် သဘောထား ထုတ်ပြန်ထားတာဖြစ်သလို NLD ကလည်း ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်ဆင်ရေးဆွဲဖို့ တောင်းဆိုနေတာဖြစ်ပါတယ်။ ဒီလို မတူညီတဲ့အချက်ကို နှစ်ဖက်တွေ့ဆုံပွဲမှာ ထည့်သွင်းဆွေးနွေးခဲ့ပေမဲ့ သဘောထားကွဲပြားတာတော့ မရှိဘူးလို့ နိုင်ဟံသာကပြောပါတယ်။

"ဒီမယ်တော့ ထူးမပြောပါဘူး။ အန်ကယ်တို့အနေအထားအရ အန်ကယ်တို့ ရပ်တည်တဲ့ဟာကိုလည်း သူလည်း မငြင်းပယ်ဘူး၊သူတို့ အနေနဲ့၊ လွှတ်တော်ထဲမှာ ရှိနေတဲ့လူအနေနဲ့ ဒါကို ပြင်မယ်ဆိုတဲ့ဟာကိုလည်း အန်ကယ်တို့ ဒါကို မငြင်းပယ်ပါဘူး။ အဓိကအားဖြင့်ကတော့ အခုနက ပြောသလိုပေါ့ဗျာ-ကိုယ်လိုချင်တဲ့အချက်၊ ဒီမိုကရေစီပြည့်ပြည့်ဝဝရဖို့နဲ့ စစ်မှန်တဲ့ပြည်ထောင်စုကြီး ဖြစ်ပေါ်လာဖို့ကို နှစ်ဘက်စလုံးကနေ ပြင်ဆင်ဖို့ သဘောတူညီကြတယ်လေ။"

ဒီဆွေးနွေးပွဲမှာ NLDပါတီကပါတီဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်တက်ရောက်ပြီး UNFC ကတော့ အဖွဲ့ရဲ့ဒုဥက္ကဋ္ဌ (၁) KNPP ခွန်းအေဘယ်လ်တွိဒ်၊ ဒု-ဥက္ကဋ္ဌ (၂) KNU ပဒိုဒေးဗစ်သာကပေါ်နဲ့ အထွေထွေအတွင်းရေးမှူး နိုင်ဟံသာတို့ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။

UNFC ခေါင်းဆောင်တွေဟာ ဒီကနေ့ မနက် (၁၀) နာရီလောက်က UNA ခေါ် စည်းလုံးညီညွတ်သော တိုင်းရင်းသား လူမျိုးများမဟာမိတ်အဖွဲ့နဲ့ တွေ့ဆုံခဲ့သလို ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်း NBF နဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဒီမနက် UNFC နဲ့ UNA တွေ့ဆုံပွဲအပြီးမှာ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာလုပ်ငန်းနဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းတွေကို ပူးတွဲဆောင်ရွက်ဖို့ သဘောထားထုတ်ပြန်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ရေးဆွဲဖို့အတွက် သဘောထား ကွဲပြားမှုမရှိဘူးလို့လည်း UNA အဖွဲ့ဝင် ရခိုင်ဒီမိုကရေစီပါတီက ဦးသာဘန်းက ပြောပါတယ်။

"၂၀၀၂၊ ၂၀၀၃ မှာဆိုရင် ကျနော်တို့ တိုင်းရင်းသားတွေ ညီညီညွတ်ညွတ်နဲ့လက်တွဲပြီးတော့ ဖွဲ့စည်းပုံပေါ်ရေးအတွက် ကြိုးစားခဲ့ကြတာ သုံး-လေးကြိမ်မက ရှိပါပြီ။ ချင်းမိုင်မှာ ဆွေးနွေးပွဲတွေလုပ်ခဲ့ကြတာပေါ့လေ။ UNFC နဲ့၊ နောက် တိုင်းရင်းသား မဟာမိတ်အဖွဲ့တွေပေါ့လေ။ လက်နက်ကိုင်အဖွဲ့တွေနဲ့။ လိုင်ဇာတို့၊ ဘာတို့မှာလည်း အစည်းအဝေးလုပ်တာတွေနဲ့၊ သဘောထားတွေက ကျနော်တို့ သိပ်မကွဲပါဘူး။ အားလုံး တူမျှတဲ့သဘောထားရှိပါတယ်ခင်ဗျ။"

UNFC နဲ့ ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်း NBF တို့တွေ့ဆုံပွဲမှာ လည်း ဖွဲ့စည်းပုံအရေးနဲ့ တိုင်းရင်းသားအခွင့်အရေးတွေကို ထည့်သွင်း ဆွေးနွေးခဲ့ကြပါတယ်။

ဒီကနေ့ညမှာတော့ UNFC အဖွဲ့ကို ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနဲ့ ပွင့်လင်းလူ့အဖွဲ့အစည်းက ညစာ ဖိတ်ကြားထားပါတယ်။ မနက်ဖြန်မှာတော့ UNFC အဖွဲ့ရဲ့ ၃ ရက်ကြာခရီးစဉ်ဟာ ပြီးဆုံးမှာဖြစ်ပါတယ်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC အဖွဲ့ဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၁) ဖွဲ့နဲ့ လွန်ခဲ့တဲ့ ၂၀၁၁ နစ်ကုန်ပိုင်းက ဖွဲ့စည်းထားတဲ့ တပ်ပေါင်းစုအဖွဲ့အစည်း တခုဖြစ်ပါတယ်။

ဗမာပြည်ရဲ့ မျှော်လင့်ချက် အသက်ဝင်လျှက်အပြုရှိပါစေ

ပုဒ်မ ၁၈ နဲ့ ၅၀၅ /ခ တို့နဲ့ ပစ်ဒဏ်ကျသူများကို နိုင်/ကျဉ်းစာရင်းထည့်ရန် တောင်းဆိုမည်

Mizzima ၊ နိုဝင်ဘာ ၂၅ ။ ။ ခွင့်ပြုချက်မယူဘဲ ဆန္ဒဖော်ထုတ်သည်ကို အရေးယူသည့် ပုဒ်မ ၁၈ နှင့် နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်ငြိမ် ဝပ်ပိပြားရေးကို ထိခိုက်စေသည့် ရာဇသတ်ကြီးပုဒ်မ (၅၀၅/ခ) ဖြင့် ပြစ်ဒဏ်ကျခံနေရသူများကို နိုင်ငံရေးအကျဉ်းသားစာရင်းတွင် ထည့် သွင်းပြီး လွှတ်ပေးရန် တောင်းဆိုသွားမည်ဟု လက်ကျန် နိုင်/ ကျဉ်း စိစစ်ရေးကော်မတီဝင် နိုင်ငံရေးအကျဉ်းသားဟောင်းအဖွဲ့ချုပ် အစား ဦးရဲအောင်က နိုဝင်ဘာ ၂၄ ရက်တွင် မဇ္ဈိမကို ပြောသည်။

လက်ရှိတွင် ယင်းပုဒ်မများဖြင့် တရားစွဲဆိုခံထားရသည့်အမှု ပေါင်း ၂၅၆ မှကျော်ရှိနေပြီး နိုင်ငံရေးအကျဉ်းသားများစာရင်းကိုဒီဇင်ဘာလကုန်အပြီး စာရင်းပေးရမည်ဖြစ်ရာ ၎င်းတို့ကိုလည်း နိုင်/ ကျဉ်း စာရင်း ထည့်၍ တောင်းဆိုသွားမည်ဟု ဦးရဲအောင်က ပြောသည်။

"အခု ကျွန်တော်တို့ နောက်ထပ် နိုင်ငံရေးအကျဉ်းသား ၈၂ ဦးနဲ့ ပုဒ်မ ၁၈ တို့ ၅၀၅ တို့နဲ့ စွဲချက်တင်ထားတဲ့အမှု ၂၅၆ မှုကျော် အား သမ္မတကိုတင်ပြမယ်။ သမ္မတက နှစ်ကုန်မှာ အကုန်လွှတ်ပေးမယ် ပြောတော့ အဲဒီပုဒ်မတွေနဲ့ စွဲထားတာတွေ ဘယ် လိုလုပ်မလဲဆိုတာ သိရဖို့ တင်ပြမှာဖြစ်တယ်"ဟု ဆိုသည်။

ယင်းအပြင် အကျဉ်းထောင်အတွင်းနှင့် စစ်ကြောရေးစခန်းများ တွင်သေဆုံးသွားသည့် နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုများကို ကူညီထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်သည်ဟုလည်း နိုင်ငံရေး အကျဉ်းသားဟောင်းများအဖွဲ့ (FPPs) မှ ပြောရေးဆိုခွင့်ရှိသူ ဦးမြင့် အောင်ကပြောသည်။

၎င်းက ယင်းသို့ပြောကြားခြင်းမှာ တာမွေမြို့နယ် နိုင်ငံရေးအ ကျဉ်းသားဟောင်းများအဖွဲ့ရုံးတွင် နိုင်ငံရေး အကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)AAPP(B)နှင့်နိုင်ငံရေးအကျဉ်း သားဟောင်းများအဖွဲ့ (FPPs) တို့ ပူးပေါင်း ကျင်းပသည့် သတင်းစာ ရှင်းလင်းပွဲတွင်ဖြစ်သည်။

အဆိုပါပွဲတွင် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ဒီမိုကရေစီနှင့် လူ့အ ခွင့်အရေးလှုပ်ရှားမှုတွင် စစ်ကြောရေးစခန်းနှင့် အကျဉ်းထောင်များ အတွင်း သေဆုံးသွားခဲ့ရသူများ၏ ကျန်ရစ်သူမိသားစုတို့အား ကူညီ ထောက်ပံ့ရန် စီစဉ်ထားခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားခြင်း ဖြစ်သည်။

ဦးမြင့်အောင်က..."ထောင်ထဲမှာ၊ စစ်ကြောရေးစခန်းမှာ ကျဆုံး သွားတဲ့ ကျဆုံးရဲဘော်မှာ ဇနီး သို့မဟုတ် ခင်ပွန်းရှိသလား၊ ခံစားခွင့် ပေးမယ်၊ အကယ်၍ မရှိဘူးဆိုရင် သားသမီး၊ သားသမီး မရှိဘူးဆိုရင် မိခင်၊ ဖခင်၊ မိခင်ဖခင်မရှိဘူးဆိုရင် ညီအကို မောင်နှမတွေ ခံစားခွင့်ရပါ မယ်"ဟု ပြောသည်။

ထောက်ပံ့ရေးအစီအစဉ်တွင် တစ်သုတ်ပြီး တသုတ် ထောက်ပံ့ သွားမည်ဖြစ်ကာ တစ်သုတ်လျှင် လူဦး ရေ ၅၀ ခန့် လျာထားကြောင်း လည်း ဦးမြင့်အောင်က ပြောသည်။

၎င်းက ..."ကျဆုံးသွားတဲ့ ရဲဘော်တဦးဆိုရင် ၁၀ သိန်းလောက် အကြမ်းဖျင်း လျာထားတယ်။ ၁၆၂ ဦးက တော့စာရင်းရှိတယ်။ မြန် မာပြည်အနှံ့မှာဆိုတော့ ဆက်သွယ်ဖို့ အခက်အခဲဖြစ်နေတာကတ၀ လောက်ရှိတယ်။ဘယ်မှာရောက်နေတယ်၊ နောက်တစ်ခါ ဆက်ခံခွင့်ရှိ သူဟုတ် မဟုတ်ဆိုတာကတော့ အထောက်အထားပြရမှာပေါ့"ဟု ဆို သည်။ ယင်းသို့ထောက်ပံ့မှုများကို ဒီဇင်ဘာလကုန်တွင် စတင်ထောက် ပံ့ပေးမည် ဖြစ်သည်ဟုလည်း အဆိုပါ အသင်းများမှ သိရသည်။

ယင်းကဲ့သို့ ပြုလုပ်ပေးခြင်းမှာ ဒီမိုကရေစီတိုက်ပွဲအတွင်း အ သက်ပေးသွားကြသည့် နိုင်ငံရေးအကျဉ်းသား ရဲဘော်၊ ရဲဘက်များ၏ ဂုဏ်ပြုခြင်းဖြစ်သလို မိသားစုဝင်များကို စိတ်ဓာတ်ခွန်အား ဖြစ်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်ဟုလည်းနိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) မှ တွဲဖက် အထွေထွေ အတွင်းရေးမှူး ကိုဘိုကြည်ကလည်း ပြောသည်။

နိုင်ငံရေးအကျဉ်းသားတဦးချင်းစီအား အတတ်နိုင်ဆုံး ကူညီ ထောက်ပံ့မှုများပြုလုပ်သွားမည်ဖြစ်ပြီး ဆေးကုသရန် လိုအပ်ပါကလည်း တတ်နိုင်သမျှ ကူညီပေးသွားမည်ဖြစ်ကြောင်း AAPP(B)၏ အင်တာ နက်စာမျက်နှာတွင် ရေးသားထားသည်။

ဆက်သွယ်ရန် အခက်အခဲရှိသူ နိုင်/ ကျဉ်းဟောင်း မိသားစု များအနေဖြင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPs) တာမွေ မြို့နယ် ၁၅၄ လမ်း၊ တိုက်အမှတ် ၉ ၊ အခန်း နံပါတ် ၁၀၁ ရုံးအသစ်သို့ ဆက်သွယ်နိုင်ကြောင်းလည်း ဦးမြင့်အောင်က ကြေညာသွားသည်။

အစိုးရသစ်တက်ပြီးနောက်ပိုင်းတွင် နိုင်ငံရေးအကျဉ်းသားများ ကို ၁၂ ကြိမ်တိုင်တိုင် လွှတ်ပေးခဲ့ပြီးဖြစ်သည်။

ထိပ်တိုက်မှုရှောင်ဖို့ ဦးသိန်းစိန် သတိပေး

RFA ၊ နိုဝင်ဘာ ၃၀ ။ ။အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကိုလွတ်လွတ် လပ်လပ်လုပ်ဆောင်ခွင့်ပေးထားပေမယ့်ထိလွယ်ရှလွယ်နိုင်တဲ့ကိစ္စရပ် တွေမှာ ထိပ်တိုက်ရင်ဆိုင်တာတွေ ရှောင်ဖို့လိုတယ်လို့ နိုင်ငံတော် သမ္မတဦးသိန်းစိန်က ဒီနေ့ သတိပေးပြောကြားလိုက်ပါတယ်။

ရန်ကုန်တက္ကသိုလ်၊စိန်ရတုခန်းမမှာ သမ္မတဦးသိန်းစိန်ကအရပ် ဘက် လူမှုအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံစဉ်မှာ အခုလို ပြောခဲ့တာပါ။

"အရပ်ဘက်လူအဖွဲ့အစည်းများနဲ့ လူထုအခြေပြု အဖွဲ့အစည်း များအနေနဲ့ ဆက်နွယ်နေတဲ့ လုပ်ငန်းစဉ်တွေကို အကောင်အထည် ဖော်တဲ့အခါမှာ ရပ်တည်ချက်၊ ယုံကြည်ချက်ကို အခြေခံပြီးလွတ်လွတ် လပ်လပ်လုပ်ဆောင်နိုင်ကြောင်းပြောကြားလိုပါတယ်၊ ထိလွယ်ရှလွယ် အခြေအနေများ မရေရာမသေချာမှုများနဲ့ စိန်ခေါ်မှုများစွာရှိနေတဲ့ လူ့ အဖွဲ့အစည်းအတွက် ထိပ်တိုင်ရင်ဆိုင်မှု နည်းလမ်းတွေကို ရှောင်ရှား ပြီး ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းနဲ့ လုပ်ဆောင်ကြဖို့လည်း ပြောကြား လိုပါတယ်"

တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အရပ် ဖက်လူမှုအဖွဲ့အစည်းတွေရဲ့အခန်းကဏ္ဍဆိုတဲ့ရည်ရွယ်ချက်နဲ့သမ္မတ ဦးသိန်းစိန်ဟာ အဖွဲ့အစည်း ၁၀ ဖွဲ့က ကိုယ်စားလှယ်တွေနဲ့တွေ့ဆုံခဲ့ တာပါ။

လူမှုအဖွဲ့အစည်း ကိုယ်စားလှယ် အသီးသီးကလည်း လူငယ် ကဏ္ဍ၊ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍ၊ တိုင်းပြည်ငြိမ်းချမ်းရေး၊ ပညာ ရေး စတဲ့ အကြောင်းအရာတွေကို တဦးကို ငါးမိနစ်ဝန်းကျင်ပြောခဲ့ကြ ပြီး နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းပြခဲ့ပါတယ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဟာ အရပ်ဖက်လူမှုအဖွဲ့အစည်း တွေက ကိုယ်စားလှယ်တွေနဲ့ ဒီကနေ့ တွေ့ဆုံမှုတာ ဒုတိယအကြိမ် ဖြစ်ပါတယ်။

တိုင်းပြည်ခေတ်နောက်ကျခြင်းသည် ပြည်တွင်းစစ်ကြောင့်ဟု UNFC ပြောဆို

RFA ၊ နိုဝင်္ဘာ ၂၄ ။ ။ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရတာဟာ နှစ်ပေါင်း ၆၀ ကျော်ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်ကြောင့် ဖြစ်တယ်လို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ စုပေါင်းဖွဲ့စည်းထားတဲ့ညီညွှတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC ခေါင်းဆောင်တွေက ပြောပါတယ်။

ရန်ကုန်မြို့ကိုရောက်ရှိနေတဲ့ NMSP မွန်ပြည်သစ်ပါတီက ဦးနိုင်ဟံသာ၊ KNU ကရင်အမျိုးသား အစည်းအရုံးက ပဒိုဒေးဗစ်သာကပေါနဲ့ KNPP ကရင်နီ အမျိုးသားတိုးတက်ရေးပါတီက ဦး ခူးလ်အေဘယ်တွိတို့ ဦးဆောင် တဲ့ UNFC ကိုယ်စားလှယ် အဖွဲ့ဟာ မနေ့မနက်ပိုင်းက ရန်ကုန်မြန်မာမြို့မ်းချမ်းရေးစင်တာမှာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းခေါင်းဆောင်တဲ့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီနဲ့ တွေ့ဆုံခဲ့ပြီး၊ နေ့လည်ပိုင်းမှာ အရပ်ဘက်လူမှုအဖွဲ့စည်းတွေနဲ့ မနေ့မနက်က တွေ့ဆုံခဲ့ပါတယ်။

တွေ့ဆုံအပြီး UNFC ခေါင်းဆောင်တွေက အင်းလျားလိတ်ဟိုတယ်မှာ သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့ရာမှာ UNFC အထွေထွေအတွင်းရေးမှူး နိုင်ဟံသာက ရန်ကုန်ခရီးစဉ်နဲ့ပတ်သက်ပြီး အခုလို ပြောကြားခဲ့ပါတယ်။

"ကျနော်တို့ ရန်ကုန်ကိုရောက်လာတော့ မိုးချုပ်နေပြီ၊ ကြည့်လိုက်တာ မှောင်နေတာပဲ၊ ဒီနေ့ မြို့ထဲမှာ နည်းနည်းလျှောက်သွားနေတာ အိမ်အိုအိမ်ဟောင်းတွေ တော်တော်လေးကို သူများနိုင်ငံနဲ့စာရင် သံဝေဂရစရာပါပဲ၊ အဲဒီလို နှစ်ပေါင်း ၆၅ နှစ်လုံးလုံး တိုက်ပွဲဖြစ်နေလို့ အဲလိုကျနော်တို့နိုင်ငံ ဖြစ်နေရတာ"။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ KNPP ရဲ့ ဥက္ကဋ္ဌ၊ UNFC ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးခူးလ်အေဘယ်တွိကလည်း မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေတာဟာ ပြည်တွင်းစစ်နဲ့ဆက်စပ်နေတဲ့အတွက် ပြည်တွင်းစစ်အမြန်ဆုံးရပ်စဲဖို့လိုတယ်လို့ ဆိုပါတယ်။

အပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးခဲ့ကြပေမယ့် ပစ်ခတ်သံတွေ ဆက်ကြားနေရတာကြောင့် အခု တိုင်းရင်းသားတွေဘက်က ရေးဆွဲထားတဲ့ အပစ်အခတ်ရပ်စဲရေးအဆိုပြုချက် ၁၁ ချက်မှာ အစိုးရဘက်က သမ္မတ၊ ဒုသမ္မတ၊ လွှတ်တော်နှစ်ရပ်ရဲ့ ဥက္ကဋ္ဌတွေ၊ တရားသူကြီးချုပ်တွေအပြင်၊ စစ်တပ်ဘက်က ကာကွယ်ရေးဦးစီးချုပ်ပါပါဝင်လက်မှတ်ရေးထိုးဖို့ဆိုတဲ့အချက်တွေ ထည့်သွင်းထားကြောင်း၊ ဦးနိုင်ဟံသာက ပြောပါတယ်။ ဒုတိယ အစိုးရဘက်က တနိုင်ငံလုံး အတိုင်းအတာ အပစ်အခတ်ရပ်စဲကြောင်း ကြေညာပေးဖို့၊ နီးကပ်နေ တဲ့တပ်တွေ၊ရောနှောနေတဲ့တပ်တွေ နေရာချတာ၊ တပ်တွေ လှုပ်ရှားရမယ့်ခွင်တွေသတ်မှတ်ပေးတာ၊ စစ်ဘက်ဆိုင်ရာ စည်းကမ်းတွေကို နှစ်ဖက်လုံးက လိုက်နာအောင် ဖန်တီးပေးတာ၊အပစ်ရပ်စဲရေးကိစ္စစောင့်ကြည့်ရေးအဖွဲ့ဖွဲ့ စည်းတာစတာတွေဆောင်ရွက်ဖို့လည်းတောင်းဆိုထားပါတယ်။

တိုင်းရင်းသားတွေရဲ့ အချက် ၁၁ ချက်ပါ အဆိုပြုချက်နဲ့အစိုးရဘက်က ရေးဆွဲထားတဲ့ အခန်း ၁၄ ခန်းပါ အဆိုပြုချက်တွေကိုလာမယ့် ဒီဇင်ဘာလ ကရင်ပြည်နယ်မှာကျင်းပမယ့် အပစ်အခတ်ရပ်စဲရေး ဒုတိယအကြိမ်ဆွေးနွေးပွဲမှာဆက်လက်ညှိနှိုင်းဆွေးနွေးမှာဖြစ်ပါတယ်။

UNFC ခေါင်းဆောင်တွေရဲ့ ရန်ကုန်ခရီးစဉ်မှာ ရက်အကန့်သတ်ရှိတာကြောင့် သမ္မတဦးသိန်းစိန်၊ ကာကွယ်ရေးဦးစီးချုပ်စတဲ့ ပုဂ္ဂိုလ်တွေနဲ့မတွေ့ဆုံနိုင်ပေမယ့်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီကနေ့တွေ့ဆုံဖို့ရှိသလို၊ ညီညွှတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့ UNA အပါအဝင် နိုင်ငံရေးပါတီတွေနဲ့လည်း တွေ့ဆုံမှာ ဖြစ်ပါတယ်။

ဖျက်နှာဖုံးမှ

ထိပ်ဆုံးကပါပါတယ်။ မြန်မာနိုင်ငံအနေနဲ့ စစ်မှန်တဲ့ ဒီမိုကရေစီလမ်းကြောင်းကို သွားမယ် ဆိုရင်တော့ ဒီဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ရပါလိမ့်မယ်။"

ပရိတ်သတ်တွေနဲ့ အပြန်အလှန် မေးမြန်းခန်းတွေ အပါအဝင် မြန်မာနိုင်ငံအနာဂတ်ဆိုတဲ့ခေါင်းစဉ်နဲ့ဆစ်ဒနီ Opera House မှာစကားပြောရာမှာတော့ မြန်မာနိုင်ငံမှာ ဘာသာရေး၊ လူမျိုးရေးကွဲပြားမှုတွေ အပေါ် အခြေခံဖြစ်ပွားခဲ့တဲ့ သွေးထွက်သံယို ပဋ္ဌိပက္ခတွေနဲ့ ပတ်သက်လို့နိုင်ငံတကာအသိုင်းအဝိုင်းက အာရုံစိုက်နေကြတာကို ဒေါ်အောင်ဆန်းစုကြည် ကပြောဆိုသွားခဲ့တာပါ။ သွေးထွက် သံယို ပဋ္ဌိပက္ခတွေ ဖြစ်ရတဲ့ အကြောင်းရင်းအဖြစ်တရားဥပဒေစိုး မိုးမှုနဲ့လုံခြုံမှုပေးဖို့ အစိုးရက ပျက်ကွက်တာဟာ ပြဿနာတခုအဖြစ်နဲ့လည်း ဒေါ်အောင်ဆန်းစုကြည်ကမှတ်ချက်ပေးခဲ့ပါ တယ်။

"အစိုးရအနေနဲ့ ကျမတို့ တိုင်းပြည်တွင်းက လူတွေအားလုံးကို အကာအကွယ်ပေးရမယ့် တာဝန်ရှိပါတယ်။ အားလုံးအတွက် လုံခြုံစိတ်ချရမှု ရှိစေဖို့ တရားဥပဒေစိုးမိုးအောင် လုပ်ရပါလိမ့်မယ်။ လုံခြုံမှုမရှိဘဲနဲ့ ငြိမ်းချမ်းမှုလည်း မရှိနိုင်ပါဘူး။ ကျမ ထပ်တလဲလဲ ပြောခဲ့ပြီးပါပြီ၊ လုံခြုံမှု မရှိသေရွေ့ ပြဿနာကို စားပွဲမှာထိုင်ပြီးဆွေးနွေး နိုင်မှာလည်း မဟုတ်ပါဘူး။ လူတွေ သတ်ဖြတ်ခံရ၊ အိုးအိမ်ပစ္စည်းတွေကို တိုက်ခိုက်ဖျက်ဆီး ခံနေရတဲ့ အခြေအနေမျိုးမှာ တဘက်နဲ့တဘက် အမိပ္ပါယ်ရှိရှိ ဆွေးနွေး စကားပြောနိုင်ကြမှာ မဟုတ်ပါဘူး။ အစိုးရအနေနဲ့လည်း တရားဥပဒေ စိုးမိုးမှုရှိအောင် လုပ်သင့်သလောက် လုပ်ခဲ့တယ်လို့ ကျမကတော့ မယူဆပါဘူး။"

ဩစတြေးလျှနိုင်ငံကို ရောက်လာတဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုတော့ ထောက်ခံသူပေါင်း ထောင်ဂဏန်းချီကြိုဆိုခဲ့ကြပြီး၊ ဗုဒ္ဓဟူးနေ့ အစောပိုင်းမှာတော့ New South Wales ဘုရင်ခံ Marie Bashir နဲ့ တွေ့ဆုံခဲ့သလို၊ ဆစ်ဒနီမြို့မှာ မြန်မာနိုင်ငံသားတွေနဲ့လည်း တွေ့ဆုံစကားပြောခဲ့တာပါ။ ဒီဇင်ဘာလ ၂ ရက်နေ့အထိ သီတင်းတပတ်ကြာ ခရီးစဉ်အတွင်းမှာတော့ ဆစ်ဒနီမြို့ သာမက အစိုးရရုံးစိုက်ရာကင်ဘာရာမြို့၊ မယ်လ်ဘုန်းမြို့တွေကိုပါ ဒေါ်အောင်ဆန်းစုကြည် သွားရောက်မှာဖြစ်ပြီး ဩစတြေးလျှား ဝန်ကြီးချုပ် Tony Abbott၊ နိုင်ငံခြားရေးဝန်ကြီး Bob Carr အပါအဝင် အစိုးရ တာဝန်ရှိသူတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံမှာဖြစ်သလို၊ ကုလသမဂ္ဂက ကြီးမှူးကျင်းပမယ့် နိုင်ငံတကာ AIDS ညီလာခံမှာလည်း ပါဝင်ဆွေးနွေးမှာဖြစ်ပါတယ်။

ဦးဝင်းတင်ရဲ့ ခေတ်စကား

ဟံသာဝတီဦးဝင်းတင်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင် သတင်းစာဆရာကြီးဦးဝင်းတင်ရဲ့ခေတ်စကားအစီအစဉ်မှာ အခုတပတ် "တိုင်းပြည်ရဲ့ နေအင်အား နိုင်ငံတွင်းလှည့်ပတ်ငွေနဲ့ ငွေကြေးဖောင်းပွမှု" စတဲ့ နိုင်ငံတော်ဘဏ္ဍာရေးအခြေအနေအကြောင်းကို ဆရာကြီးဦးဝင်းတင် တင်ပြချက်ကို VoB စာဖတ်ပရိတ်သတ်ကြီး လေ့လာသုံးသပ်နိုင်စေဖို့ ရည်ရွယ်ပြီး RFA မှတဆင့် ကူးယူဖော်ပြပေးလိုက်ပါတယ်။

ကိုခင်မောင်စိုးရေ ဒီအပတ် ကျနော်ပြောချင်တာကတော့ နည်းနည်း ကြီးကြီးကျယ်ကျယ်ဘဲဗျ။ ငွေကြေးကိစ္စတွေပေါ့နော်။ ငွေရေးကြေးရေးကိစ္စတွေ။ ငွေရေး ကြေးရေး ကိစ္စတွေက အမှန်အတိုင်းပြောရရင် ဒီနေ့ တိုင်းပြည်က သိတာတွေလည်းရှိတယ်၊ မသိတာတွေလည်းရှိတယ်။ ကြားတာတွေလည်းရှိတယ်၊ မကြားတာတွေလည်းရှိတယ်။

တခါ ပြည်ပကနေလာတဲ့ သတင်းတွေကလည်းရှိတယ်၊ ပြည်တွင်းကနေထွက်ပေါ်လာတဲ့ သတင်းတွေကလည်းရှိတယ်။ နောက်လွှတ်တော်ထဲမှာ ကြားရတဲ့အသံတွေလည်း ရှိတယ်ပေါ့ဗျာ။ စုံနေတာပေါ့ဗျာ။ အဲဒီထဲမှာ လူထုကိုယ်တိုင်ကလည်း ငွေကြေးကိစ္စကို နည်းနည်းစကားပြောလာတယ်ဗျ။ အဲဒါကြောင့် ဒီနေ့ တိုင်းပြည်မှာ လူတွေကြားထဲမှာ ခေတ်စကားအနေနဲ့ ပေါ်နေတဲ့ကိစ္စက ဘာလဲလို့မေးရင်တော့ ဒီ ငွေကြေးကိစ္စတွေဘဲဖြစ်တယ်လို့ ကျနော်ပြောရမယ်လို့ ထင်ပါတယ်။

ဘာဖြစ်လို့ ဒီငွေကြေးကိစ္စတွေ ပြောဖို့လိုသလဲလို့ ဆိုတဲ့အခါကျတော့ အခု ကျနော်ပြောချင်တဲ့ ငွေကြေးကိစ္စဆိုတာက တိုင်းပြည်မှာ ငွေရေး ကြေးရေးအခြေအနေ ဘယ်လိုရှိသလဲ ဆိုတဲ့အချက်နဲ့ အဲဒီရှိတဲ့ ငွေကြေးတွေရဲ့ ဂယက်ရိုက်မှုကြောင့် ပေါ်ပေါက်လာမယ့် ပြဿနာတွေ အဲဒါတွေကို ပြောချင်တာဖြစ်ပါတယ်။

အဓိကပြောချင်တဲ့အကြောင်းကတော့ ဒီလိုဗျ၊ ဒီ အစိုးရလက်ထက်မှာ ငွေဘယ်လောက်ရှိသလဲဆိုတဲ့ကိစ္စကို လူတွေက တော်တော်စိတ်ဝင်စားကြတယ်။ နိုင်ငံရေးပါတီတွေက စိတ်ဝင်စားတာတော့ထား၊ လူထုကနေပြီးတော့ သိချင်တာဆိုတာထား၊ ဘာဘဲပြောပြော ဒါ ပညာသည်များကြားထဲမှာ ပေါ်ပေါက်နေတဲ့အခြေအနေကတော့ ဘာလဲဆိုလို့ရှိရင် ဗမာပြည်မှာ ငွေကြေးတွေဟာ တော်တော်များများတော့ ရှိလာပြီ ဆိုတဲ့ အချက်ဘဲဖြစ်ပါတယ်။

အဲဒီငွေကြေးအခြေအနေဟာ ဘာလဲဆိုလို့ရှိရင် ဒီ လွှတ်တော်ထဲမှာလာပြီးတော့ ဗဟိုဘဏ်ပေါ့ဗျာ၊ ဗဟိုဘဏ်ကနေပြီးတော့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တစ်ယောက်က လာပြီးတော့ရှင်းပြပါတယ်၊ အဲဒီရှင်းပြတဲ့အထဲမှာ ဘာတွေပါလဲဆိုတဲ့အခါကျတော့ ဗမာပြည်မှာ နိုင်ငံခြား ငွေ၊ အရံ ရံပုံငွေခေါ်တာပေါ့ဗျာ၊ နိုင်ငံခြားငွေ အရံ ရံပုံငွေဟာ ဒေါ်လာ သန်း ၇,၀၀၀ ကျော်ရှိတယ်၊ သန်းပေါင်း ၇,၀၀၀ ကျော်ရှိ တယ်ဆိုပြီးတော့ ပြောသွားတာအချက် တစ်ချက်နဲ့ တစ်ခါ အစိုးရလက်ထဲမှာရှိနေတဲ့ ရွှေတွေရဲ့တန်ဘိုးကလည်း ဒေါ်လာသန်းပေါင်း ၈,၀၀၀ ကျော်တန်ဘိုးရှိတဲ့ ရွှေတုံး ရွှေခဲတွေ လက်ထဲမှာရှိနေတယ်ဆိုတာ ပြောသွားပါတယ်။

သို့သော် အဲဒီ ဒီ ရှင်းပြတဲ့အထဲမှာ မပါလာတဲ့ဟာ ဆန်းဆန်းပြားပြားမှာပါတဲ့အချက်က ဘာလဲဆိုတော့ အဲဒီ တိုင်းပြည်မှာရှိနေတဲ့ ငွေကြေးလည်ပတ်မှုဟာ ဘယ်လိုရှိသလဲ၊ ဘယ်လောက်လည်ပတ်နေသလဲ ဆိုတာကတော့ မပြောဘူးဗျ။ လွှတ်တော်က ပုဂ္ဂိုလ်များက လည်း ဒါနဲ့ပတ်သက်ပြီးတော့ မေးတာမြန်းတာ မလုပ်ဘူး။ ဆိုတဲ့အခါ ကျတော့ ကျနော်တို့က အစိုးရလက်ထဲမှာ ငွေးကြေးတိုးလာတယ်ဆို တာ ရှိတာသိတာဘဲရှိတယ်၊ သူတွေကြားထဲမှာ ငွေကြေးလည်ပတ်မှု ဟာ ဘယ်လောက်တောင်များသလဲဆိုတာကတော့ ဘယ်သူမှမသိဘူးဖြစ်နေတယ်။

အဲဒီတော့ ဒါပေမယ့် တိုင်းပြည်မှာ ထုံးစံအတိုင်းဘဲ၊ တိုင်းတစ်ပြည်မှာ လက်ထဲမှာ ငွေတွေကြေးတွေရှိပြီ၊ ဒါပေမယ့် အဲဒီငွေကြေးဟာ နည်းတာ များတာ ဆိုတာထက် ပိုပြီးတော့ အရေးကြီးတာက အဲဒီငွေတွေနဲ့ တိုင်းသူပြည်သားလက်ထဲမှာ လည်ပတ်နေတဲ့ ငွေကြေးပမာဏ အချိုးအစား၊ အဲဒီ အချိုးအစားကိုမသိဘူးဆိုလို့ရှိရင် တိုင်းပြည်ရဲ့ ငွေကြေးအခြေအနေအမှန်ကို တကယ်သိတယ်လို့ မပြောနိုင်ဘူးလို့ ဆိုရမှာဘဲဖြစ်ပါတယ်။ ဒါကတစ်ချက်ပေါ့လေ။

နောက်တစ်ချက်ထပ်ပြီးတော့ ကျနော်တို့ပြောချင်တာက ဘာလဲဆိုတော့ အဲဒီလိုပြောနေတဲ့အချိန်မှာဘဲ ဒီ IMF တို့ဘာတို့ရှိတယ်၊ ဒီ နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့ကနေပြီးတော့ ကျွမ်းကျင်ငွေကြေးအဖွဲ့ကနေပြီးတော့ ထုတ်ပြောတဲ့အချက်တွေရှိပါတယ်။ အဲဒါကဘာလဲဆိုလို့ရှိရင် တိုင်းပြည်မှာ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းဟာ လာမယ့်နှစ်ဆိုလို့ရှိရင် တော့ ၆ ရာခိုင်နှုန်းလောက်အထိရှိလိမ့်မယ်ဆိုတဲ့ စကားဘဲဖြစ်ပါတယ်။ ဒါလည်း တော်တော် အရေးကြီးပါတယ်။

အစိုးရကတော့ အမြဲတမ်း ဟိုခေတ်တွေတုန်းကပေါ့ဗျာ၊ ဘယ်တော့မှ ၇ ရခိုင်နှုန်းတို့ ၈ ရာခိုင်နှုန်းတို့ မကဘူး ၁၀ ရာခိုင်နှုန်းကတောင်မှ ကျတယ်လို့မရှိဘူး။ အစိုးရဆိုကတော့ ဒီလိုဘဲ စစ်အာဏာရှင်တွေလက်ထက်က ပြောခဲ့တဲ့စကားတွေကတော့ အမျိုးစုံပေါ့။ သို့သော် အခု ဒီ စီးပွားဖွံ့ဖြိုးရေးအခြေအနေကို IMF တို့ဘာတို့ကနေပြီးတော့ သုံးသပ်တဲ့အခါမှာလည်း ကျနော်တို့ ဘာဘဲပြောပြော ဖွံ့ဖြိုးမှုရာခိုင်နှုန်းဟာ ၆ ရာခိုင်နှုန်းလောက် ရှိလိမ့်မယ်ဆိုတဲ့ စကားတွေ တွေ့ရတယ်။

အဲဒါနဲ့အတူဘဲ ငွေကြေးဖောင်းပွမှုနှုန်းကလည်း ၅ ရာခိုင်နှုန်းလောက်တော့ ရှိမယ်ဆိုတဲ့ဟာကို ခန့်မှန်းချက်တွေပေါ်လာတာကို တွေ့ရတယ်။ အဲဒီလိုဆိုလို့ရှိရင် ကျနော်တို့တိုင်းပြည်ရဲ့ အခြေအနေဟာ စီး ပွားရေးအခြေအနေလေးကတော့ နည်းနည်း တောင့်တောင့်တင်းတင်းလေး ဖြစ်လာမယ့်အနေအထားရှိတယ်လို့၊ ဖွံ့ဖြိုးမှုနှုန်း ကောင်းမယ့်အနေအထားရှိတယ်လို့ ပြောလို့ရပါတယ်။

သို့သော် တဘက်ကနေပြန်ကြည့်ရင်တော့လည်း ငွေကြေးဖောင်းပွမှုနှုန်းက အန္တရာယ်ဟာ ဘာဘဲပြောပြော ကျနော်တို့ကိုအရိပ်ထိုးသလို ကျရောက်နေပြီဆိုတာလည်း ထင်ရှားပါတယ်လို့ ကျနော်ပြောချင်ပါတယ်။

နောက်တခါ လူထုဘက်ကိုကြည့်တဲ့အခါကျတော့ လူထုလက်ထဲမှာရော ငွေကြေးကအခြေအနေကဘယ်လိုရှိသလဲ ဆိုတဲ့အခါကျတော့ အခုန စောစောကပြောသလို တိုင်းပြည်မှာ လူထုကြားထဲမှာ လည်ပတ်နေတဲ့ငွေကြေး နှုန်းထားဟာ ဘယ်လောက်လောက်ရှိလဲဆိုတာကို အစိုးရကနေပြီးတော့ ဗဟိုဘဏ်တို့ဘာတို့ကနေပြီးတော့ ထုတ်ဖော်ပြီးတော့ လွှတ်တော်ကိုအစီရင်ခံတဲ့အထဲမှာ ထည့်မပြောသော်ငြားလည်း ကျနော်တို့မှန်းဆပြီးတွက်လို့ရတဲ့ဟာကတော့ လူထုလက်ထဲမှာလည်း ငွေကြေးလည်ပတ်မှုဟာ မြင့်တက်နေတယ်လို့ဘဲ ကျနော်တို့ပြောလို့ရပါတယ်။

စာမျက်နှာ ၇ သို့

ရသစာပေကို ကျောင်းပညာနှင့်ပေါင်းကူးရေး ဆွေးနွေး

RFA ၊ နိုဝင်္ဘာ ၂၇ ။ ။ ရသစာပေကို ကျောင်းပညာရေးနဲ့ ပေါင်းကူးဆက်စပ်ရန် နဲ့ မြှင့်တင်ရန်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ Pen Myanmar အဖွဲ့က ကျောင်းစာသင်ခန်းတွေမှာ ဆွေးနွေးဟောပြောကာ ကြိုးပမ်းလုပ်ဆောင်သွားမယ်လို့ အဲဒီအဖွဲ့ဝင်တွေက ဒီနေ့ ပြောကြပါတယ်။

ရန်ကုန်မြို့ Asia Plaza မှာ ကျင်းပတဲ့ Pen Myanmar ညီလာခံအခမ်းအနားမှာ မြန်မာနိုင်ငံအတွင်း ရသစာပေ မှေးမှိန်ကျဆင်းနေတဲ့အတွက် ကျောင်းပညာရေးနဲ့ ဆက်နွယ်ပြီး မြှင့်တင်ဖို့လုပ်ဆောင်မှာဖြစ်တယ်လို့ Pen Myanmar အဖွဲ့ဝင် စာရေးဆရာတွေက ပြောပါတယ်။

လက်ရှိ မြန်မာနိုင်ငံရဲ့ ကျောင်းပညာရေးစနစ်မှာ ဖန်တီးတီထွင်မှုတွေနဲ့ ပတ်သက်ရင် အားနည်းနေ တာကြောင့် ရသစာပေကိုကျောင်းပညာရေးနဲ့ ပေါင်းကူးဆက်စပ်ဖို့ Pen Myanmar အဖွဲ့က ကြိုးပမ်းရတာဖြစ်ကြောင်း စာရေးဆရာမမသီတာ(စမ်းချောင်း)ကပြောပါတယ်။

"ကျောင်းပညာရေးစနစ်မှာ ဖန်တီးတီထွင်မှုတွေနဲ့ ပတ်သက်ရင် အားနည်းတဲ့အတွက်ကြောင့်မို့ ကျောင်းနေစဉ် အရွယ်ကတည်းကိုက ရသစာပေကို ဖတ်နည်းတတ်အောင်၊ ဖတ်ချင်အောင်၊ လေ့လာချင်အောင် ဖြစ်နိုင်မယ်ဆိုလို့ရှိရင် အစိုးရကျောင်းများ အပါအဝင် ပေါ့နော်လက်တလောမှာတော့ ပုဂ္ဂလိကကျောင်းပေါ့နော်၊ တက္ကသိုလ်တွေက အစပေါ့၊ စာသင်ခန်းတွေမှာ ရသစာပေကို ရွတ်ဖတ်တဲ့ အလေ့အထ၊ ဆွေးနွေးတဲ့အလေ့အထ ပိုပြီးတော့ခံစားတဲ့အလေ့အထ စာရေးဆရာတွေကပဲ လိုက်ပြီးတော့ ဆွေးနွေးတာတို့၊ ဟောပြောပို့ချတာတို့အဲဒီပုံစံမျိုးလေးတွေ လုပ်သွားမယ်လို့ စဉ်းစားပါတယ်"

Pen Myanmar အဖွဲ့ဟာ နိုင်ငံတကာ အဖွဲ့အစည်းတခုဖြစ်တဲ့ Pen International ရဲ့ ထောက်ခံမှုရထားတဲ့ အဖွဲ့အစည်းတခုဖြစ်ပြီး လွတ်လပ်စွာ ရေးသားဖော်ထုတ်ခွင့်၊ ငြိမ်းချမ်းရေးနဲ့ ရင်းနှီးချစ်ကြည်မှုတို့ကို အခြေခံကာ စာရေးဆရာ၊ ကဗျာဆရာတွေရဲ့ အခွင့်အရေးတွေကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တယ်လို့ သိရပါတယ်။

စာမျက်နှာ ၆ မှ

မြင့်တက်နေတယ်ဆိုတာ လူထုချမ်းသာတာတော့မဟုတ်ဘူး၊ ငွေဘုန်းပေါလအောနဲ့ ဖောဖောသီသီ ဖြစ်လာပြီးတော့ ပွဖောင်းလာတာဖြစ်တယ်လို့ပြောရမယ်။ အဲဒါ တနည်းအားဖြင့်ပြောရရင်တော့ လူထုလက်ထဲမှာ ငွေ လည်ပတ်မှုနှုန်း သိပ်များတယ်ဆိုလို့ရှိရင် တိုင်းပြည်မှာ ငွေကြေးဖောင်းပွမှုဟာ မြင့်တက်လာနိုင်တဲ့ အန္တရာယ်ရှိလာတယ်ဆိုတာကို ညွှန်းနေတယ်ဆိုတဲ့ အညွှန်းကိန်းဘဲဖြစ်တယ်လို့ ပြောလို့ရပါတယ်။

အဲဒီတော့ အဲဒီအခြေအနေကလည်း ကျနော်တို့အမှန်အတိုင်းပြောရရင်တော့ ကျနော်တို့မသိဘူးပေါ့။ ဘာဖြစ်လို့လည်းဆိုတော့ လူထုလက်ထဲမှာ ငွေကြေးများနေတာကို ကျနော်တို့ သိနေရသလဲဆိုတဲ့ အခါကျတော့ အားလုံးသိကြတဲ့အတိုင်းဘဲ မကြာခင်တုန်းက ဥပဒေတရပ်ပြဋ္ဌာန်းလိုက်ပါတယ်၊ အဲဒါက လူတွေရဲ့အနည်းဆုံးလုပ်ခ လစာ ဥပဒေဆိုတာကို ပြဋ္ဌာန်းပါတယ်၊ အဲဒါက ဘယ်တော့အကောင်အထည်ပေါ်မယ်ဆိုတာကတော့ မသိဘူးပေါ့ဗျာ။

သို့သော် ဘာဘဲပြောပြော အနည်းဆုံးလုပ်ခလစာ အလုပ်သမားတွေရဲ့ လုပ်ခ လစာတွေကတော့ ဒီအတိုင်းဆိုလို့ရှိရင် ဒီဥပဒေအရကတော့ နည်းနည်းတော့ မြင့်တက်လာတော့မယ်၊ လူထုရဲ့ လုပ်ခလစာတွေ၊ အဲဒီတော့ လူတွေရဲ့လုပ်ခလစာမြင့်တက်လာမယ်ဆိုရင်လည်း ကျန်တဲ့ အလုပ်သမားနဲ့အတူဘဲ အစိုးရလခစားတွေရဲ့ လုပ်ခလစာတွေရော ဘယ်လိုနေမလဲ၊ ကုမ္ပဏီတို့ဘာတို့မှာ လုပ်ကိုင်နေတဲ့လူတွေရဲ့ လုခလစာတွေရဲ့အခြေအနေကရော ဘယ်လိုရှိမလဲ။

နောက်တခါ အလားတူဘဲ အရပ်ထဲမှာ ပျံကျလုပ်ကိုင်နေတဲ့လူတွေ သို့မဟုတ်လည်း လယ်တောတို့ လယ်ယာတို့ ဘာတို့မှာ ကျေးလက်ဒေသတွေမှာ လုပ်ကိုင်နေတဲ့လူတွေရဲ့ လုပ်ခ လစာတွေက လည်း အနည်းနဲ့အများကတော့ တန္ဓယ်ငင် တစ်ဇင်ပါပေါ့၊ တိုးတက်လာမယ့် အနေအထားတော့ ရှိနေပြီ၊ အဲဒီလိုဆိုလို့ရှိရင် လူထုလက်ထဲမှာလည်ပတ်တဲ့ငွေတွေ ဖောင်းပွလာပြီ၊ များပြားလာပြီဆိုလို့ရှိရင် အဲဒါက လည်း ငွေကြေးဖောင်းပွမှုအန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်သွားမှာဘဲဆိုတဲ့ အလားအလာကိုပြနေတယ်လို့ ကျနော်တို့ ပြောလို့ရပါတယ်။

အဲဒါကြောင့် ကျနော်တို့ကတော့ ဒီနေ့ တိုင်းပြည်ရဲ့ပြဿနာ ဒီအတိုင်းသာဆိုလို့ရှိရင်တော့ ငွေကြေးဖောင်းပွမှုအလားအလာတွေဟာ တော်တော်များ ကြီးမားနေသလားဆိုတာကို ကျနော်တို့ စိုးရိမ်နေပါတယ်။ အဲဒီကစွန့်ပတ်သက်လို့ အစိုးရကနေပြီးတော့ နည်းနည်းပိုပြီးတော့ တရားဝင်ပေါ့လေ၊ ငွေကြေးအခြေအနေတွေကို တကယ်ကို လေ့လာဆန်းစစ်တဲ့ လေ့လာဆန်းစစ်ချက်တွေ၊ သုံးသပ်ချက်တွေ၊ ဒါတွေကိုတော့ လုပ်ဖို့လိုအပ်ပြီလို့ ကျနော်ပြောချင်ပါတယ်။

ဘာဖြစ်လို့လည်းဆိုတော့ အားလုံးသိကြတဲ့အတိုင်းဘဲ ရှေ့လာမယ့် အနာဂါတ်ကို ကျနော်တို့ အသာထား၊ ကျနော်တို့တိုင်းပြည်ရဲ့ အနာဂါတ်အနေအထား ပတ်ဝန်းကျင်ကိုကြည့်မယ်ဆိုလို့ရှိရင် ပတ်ဝန်းကျင်နိုင်ငံတွေမှာ တရုတ်နိုင်ငံ၊ ဆိုပါတော်ဗျာ၊ တရုတ်နိုင်ငံမှာဆိုလို့ရှိရင်လည်း ငွေကြေးဖောင်းပွမှုနှုန်းအန္တရာယ်က အခု ခြိမ်းခြောက်နေပြီ၊ သူတို့လည်းတော်တော်ကို မျက်လုံးပြူးတဲ့အနေအထားကို ရောက်နေကြပြီ၊ အဲဒါကြောင့် ကျနော်တို့တိုင်းပြည်မှာကတော့ ငွေကြေးဖောင်းပွမှုနှုန်းတော့ ကျနော်တို့ မကြံ့ချင်ဘူး၊ ငွေကြေးဖောင်းပွမှုနှုန်း ဆိုတာနဲ့အတူပေါ့ဗျာ ကုန်စျေးနှုန်းတွေတက်တာလည်း ဒီလိုအများကြီး အန္တရာယ်ကြီးတာပေါ့နော်။

အဲဒီတော့ ငွေကြေးဖောင်းပွတယ်ဆိုရင် ငွေတွေကတန်းဘိုးကျမယ်၊ ငွေတန်ဘိုးကျမယ်ဆိုရင် ကုန်စျေးနှုန်းတွေကတက်မယ်။ အဲဒီတော့ ကုန်စျေးနှုန်းတက်ကလည်း အဲဒီ ငွေကြေးဖောင်းပွမှုနဲ့ဆက်စပ်နေတာ တဆက်တည်းကိစ္စပါဘဲ။ အဲဒီတော့ ကျနော်တို့တိုင်းပြည်မှာ ဒီအတိုင်း ဆက်သွားမယ်ဆိုလို့ရှိရင် ငွေကြေးဖောင်းပွမှုနှုန်းတွေကလည်း မြင့်လာမယ်၊ နောက်တခါ ကုန်စျေးနှုန်းတွေကလည်း တက်လာမယ်ဆိုရင်တော့ တိုင်းပြည်ရဲ့စီးပွားရေးဟာ အများကြီး ထိခိုင်နိုင်တဲ့အနေအထားမှာ ရှိလိမ့်မယ်။

အဲဒီကနေတဆင့်ဆိုလို့ရှိရင်တော့ မတည်ငြိမ်မှုတွေပေါ့ဗျာ၊ စီးပွားရေး မတည်ငြိမ်မှုတွေ၊ နောက်တခါ နိုင်ငံရေးမတည်ငြိမ်မှုတွေ၊ လူမှုရေးမတည်ငြိမ်မှုတွေ ဆက်လက်ပြီးတော့ ဖြစ်ပွားမှာ ကျနော်တို့ စိုးတယ်ဆိုတာ ကြံ့ဖို့လည်းမသင့်ဘူးလို့ ကျနော်တို့ထင်ပါတယ်။ အဲဒါဟာ ဒီနေ့ တိုင်းပြည်မှာ လူတိုင်းပြောဆိုနေတဲ့ ခေတ်စကားဘဲဖြစ်တယ်လို့ ကျနော်တို့ပြောချင်ပါတယ်။ ဒီလောက်ပါဘဲ။

၄က်ဖျားရောဂါပူးပေါင်းတိုက်ဖျက်ရေး လုပ်ငန်းရှင်တွေဆောင်ရွက်

VOA ၊ နိုဝင်ဘာ ၂၆ ။ ။ မြန်မာနိုင်ငံရဲ့ ၄က်ဖျားရောဂါတိုက် ဖျက်ရေးမှာ ဝေဒနာသည်တွေဆေးယဉ်ပါးနေတာဟာမြန်မာ့စီးပွားရေးကိုပါထိခိုက်နေတဲ့အတွက် ဒီကိစ္စကို ဖြေရှင်းသွားရေးမှာ မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက ဘယ်အဖွဲ့အစည်းနဲ့မဆို ပူးတွဲပြီးတော့ ဆောင်ရွက်သွားနိုင်ရေး နိုဝင်ဘာလ (၂၅) နဲ့ (၂၆) ရက်နေ့တွေမှာ ၂ ရက်ကြာ ဆွေးနွေးပွဲတွေ ပြုလုပ်နေပါတယ်။ ဒီအကြောင်းကိုတော့ မအင်ကြင်းနိုင်က အကြောင်းစုံကို တင်ပြပေးထားပါတယ်။

ဒီဆွေးနွေးပွဲရဲ့ အဓိကရည်ရွယ်ချက်ကတော့ အာရှပစိဖိတ်ဒေသတွင်း ၄က်ဖျားရောဂါအဖြစ်များဆုံး နိုင်ငံစာရင်းဝင်နေတဲ့ မြန်မာနိုင်ငံမှာ အလုပ်သမားထုထဲ ရောဂါကူးစက်မှု ကာကွယ်နိုင်ဖို့ပုဂ္ဂလိက လုပ်ငန်းရှင်တွေဘက်က ပူးပေါင်းဆောင်ရွက်နိုင်တဲ့နည်းလမ်း တွေရှာဖွေဖို့ ဖြစ်ပါတယ်။ ၄က်ဖျားရောဂါဟာကျန်းမာရေးနဲ့ဆိုင်တဲ့ကိစ္စသက်သက်တင်မဟုတ်ဘဲ နိုင်ငံရဲ့စီးပွားရေးလုပ်ငန်းတိုးတက်ဖို့ဆောင်ရွက်နေတဲ့ လုပ်ငန်းခွင်တွေမှာပါ ထိခိုက်လာနေတယ်လို့ မြန်မာနိုင်ငံ စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောပါတယ်။ ဒါကြောင့် စီးပွားရေးလုပ်ငန်းရှင်တွေ ဘက်ကတာဝန် သိသိပူးပေါင်း ဆောင်ရွက်ဖို့ ကတိကဝတ်နည်းလမ်းတွေ သတ်မှတ်နိုင်ရေးအတွက် ၄က်ဖျားရောဂါဆေး ယဉ်ပါးမှု ထိန်းချုပ်နိုင်ရေးဆွေးနွေးပွဲကို ကျင်းပတာဖြစ်တယ်လို့ ဦးဝင်းအောင်က ဆိုပါတယ်။

"၄က်ဖျားရောဂါဟာ မြန်မာနိုင်ငံမှာ လုပ်ငန်းခွင်တွေ၊အထူးသဖြင့်တော့ နယ်တွေ၊ တောတွေမှာ ဆောင်ရွက်ရတဲ့ လုပ်သားတွေမှာ အများဆုံးရင်ဆိုင်နေရတာဖြစ်ပါတယ်။ အဲဒီမှာ ပိုပြီးတော့မှ နောက်တဆင့် အခုအနေအထားသည် Drug Resistant ပေါ့နော်၊ အရိပ်လက္ခဏာတွေလည်း တချို့နိုင်ငံတွေမှာစတင်တွေ့ရှိ နေရပြီ။ နောက်မြန်မာနိုင်ငံထဲကိုလည်း ဒီလိုကိစ္စတွေ ဖြစ်ပေါ်လာနိုင်တဲ့အနေအထားတွေလည်းရှိနေတာဖြစ်တဲ့အတွက် ကျနော်တို့လုပ်သားတွေရဲ့ကျန်းမာရေးနဲ့နွယ်ပြီးတော့မှ လုပ်ငန်းခွင်ရဲ့ Productivityတွေကိုပါ ထိခိုက်ပြီးတော့ စနစ်တကျနဲ့ မိမိရဲ့လုပ်ငန်းခွင်တွေမှာလုံလောက်တဲ့ ကျန်းမာရေးပညာပေးမှုကိစ္စတွေ၊ နောက်တခါ ဆရာဝန် လိုအပ်ရင် ဆရာဝန်၊ ဆေးမှူးလိုအပ်ရင်ဆေးမှူး-စသဖြင့် ဒီလို ၄က်ဖျားရောဂါရှိတဲ့ဒေသတွေမှာ လုပ်နေတဲ့လုပ်ငန်းရှင်တွေအတွက် မိမိတို့ရဲ့လုပ်သားတွေအတွက်ကို တာဝန်ရှိရှိနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီးတော့မှ ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။"

စစ်တမ်းကောက်ယူချက်တွေအရ မြန်မာနိုင်ငံမှာ တနှစ်ကို ၄က်ဖျားရောဂါ ဝေဒနာခံစားနေရသူ အရေအတွက် လေးသိန်းနီးပါး ရှိလာက်ရှိနေတယ်လို့ဆိုပါတယ်။ ၄က်ဖျားရောဂါနဲ့ပတ်သက်ရင် ကမ္ဘာမှာရင်ဆိုင်နေရတဲ့ ခြိမ်းခြောက်မှုတခုက ၄က်ဖျားဆေး ယဉ်ပါးလာပြီး ရောဂါပျောက်ကင်းအောင် ကုသဖို့ ခက်ခဲလာနေတာပါ။ ဒါကိုထိန်းချုပ်နိုင်ဖို့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေရဲ့ အခန်းကဏ္ဍဟာ အရေးပါတယ်လို့ နိုင်ငံတကာ၄က်ဖျားရောဂါ တိုက်ဖျက်ရေးအဖွဲ့အစည်းတခုဖြစ်တဲ့ နယူးယောက် အခြေစိုက် The Roll Back Malaria Partnership ရဲ့ဒုတိယ အမှုဆောင် ညွှန်ကြားရေးမှူး Thomas Teuscher က ပြောပါတယ်။

"မဲခေါင်မြစ်ဝှမ်းဒေသက အချို့နေရာတွေမှာ ၄က်ဖျားဆေးထိရောက်မှုနည်းလာတာ တွေ့ရပါတယ်၊ မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းအရဆိုရင်လည်း ၄က်ဖျားဆေးယဉ်ပါးလာတဲ့ အဆင့် ဘယ်လောက်ထိရောက်နေလဲဆိုတာ ကျနော်တို့ သေသေချာချာမသိရသေးပါဘူး။ အထူးသဖြင့်ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်တဲ့လုပ်ငန်းအလွန်မှ အားနည်းနေတာကြောင့်ပါ။ တကယ့်ကို စိတ်မကောင်းစရာပါ။ ဒါဟာ တနိုင်ငံကနေ အခြားနိုင်ငံကို ဆေးယဉ်ပါးလာတဲ့အခြေအနေကူးစက်ဖို့ အကြောင်းရင်းတွေပါ။ ဒါကြောင့် နယ်စွန်နယ်ဖျားမှာ အကြီးစားလုပ်ငန်း အဆောက်အဦးတည်ဆောက်မှုတွေ ဆောင်ရွက်နေတဲ့ လုပ်ငန်းရှင်တွေဘက်က ဒီရောဂါအန္တရာယ်နဲ့ပတ်သက်လို့ သိရှိနားလည်ပြီး ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ပူးပေါင်း ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။"

ဒီမိုကရေစီစနစ်အသွင်ကူးပြောင်းဖို့ကြိုးစားနေတဲ့မြန်မာနိုင်ငံမှာ ၄က်ဖျားရောဂါ တိုက်ဖျက်ရေးနဲ့ ပတ်သက်လို့ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ဆွေးနွေးပြောဆိုတဲ့အခါမှာ ပွင့်လင်းမြင်သာမှုတွေ ရှိနေတာဟာ အားသာချက်တခု ဖြစ်တယ်လို့ Thomas Teuscher က ပြောပါတယ်။

"အဓိကစိန်ခေါ်မှုကတော့ ပြည်သူတွေအတွက် ကျန်းမာရေးနဲ့ ပတ်သက်လို့ အခမဲ့ဝန်ဆောင်မှု ပေးတဲ့နေရာမှာ အခက်အခဲတွေရှိနေတာပါ။ ဒါကြောင့် လုပ်ငန်းခွင်တွေမှာ ကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ အရှိန်အဟုန်နဲ့တိုးတက်လာဖို့ အလုပ်ဆေးခန်းတွေကို တည်ဆောက်ပေးရမှာဖြစ်ပါတယ်။ အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ အခက်အခဲတွေ အများကြီးရှိနေတာပါ။ အစိုးရဘက်ကလည်း လုပ်ငန်းတွေ အောင်မြင်အောင်ဆောင်ရွက်နိုင်ဖို့ စူးစမ်းလေ့လာနေရတဲ့ အချိန်လည်းဖြစ်နေပါတယ်။"

၄က်ဖျားရောဂါကို ထိရောက်ရောက်ကုသနိုင်ဖို့ Artemisinin လို့ခေါ်တဲ့ ACTs ဆေးတွေယဉ်ပါးလာနေတာကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်ကြဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် WHO က ထုတ်ပြန်ကြေညာထားတာပါ။ ဒီ၄က်ဖျားဆေး ယဉ်ပါးမှု ထိန်းချုပ်ဖို့ အောင်မြင်ရေးမှာ အသိပညာပေးရေးအပိုင်းကလည်း အဓိကအခန်းကဏ္ဍကနေ ပါဝင်နေတယ်လို့လည်း ဦးဝင်းအောင်က ပြောပါတယ်။

မြန်မာ့စီးပွားရေးလုပ်ငန်းရှင်တွေဘက်က ၄က်ဖျားရောဂါလျော့နည်းရေးဗျူဟာတွေမှာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ကျန်းမာရေးနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာ ပညာရှင်တွေ၊ အစိုးရအဖွဲ့အစည်းတွေနဲ့ နိုင်ငံတကာ အလှူရှင်တွေ ပါဝင်တဲ့ ဆွေးနွေးပွဲကို နှစ်ရက်တာကျင်းပတာဖြစ်ပါတယ်။

" ဒီမိုကရေစီကို ယုံကြည်တဲ့သူတွေဟာ ခေါင်းဆောင်ကနေပြီးတော့ ကိုယ့်ကို ဆက်ခံမယ့်သူကို မရွေးချယ်ဘူး။ ပြည်သူလူထုက ရွေးချယ်တယ်၊ အဲ့ဒါကို စဉ်းစဉ်းစားစား နားလည်ဖို့လိုတယ်။ ဒါက ဘုရင်စနစ်မဟုတ်ဘူးနော်။ ကျမကနေ ကျမရဲ့ ဆက်ခံမယ့်လူကို ခေါင်းခေါက်ပြီးရွေးချယ်ဖို့ဆိုတာ လုံးဝမစဉ်းစားဘူး။"

ခေါ်အောင်ဆန်းစုကြည်

နိုဝင်ဘာ ၂၃ ၊ EU ။ ။ မြန်မာရှိ ပဋ္ဌိပက္ခဒေသ ဒုက္ခသည်များအား ရိက္ခာ၊ ကျန်းမာရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ယူရို ၃ သန်း ထောက်ပံ့မည်ဟု ဥရောပသမဂ္ဂ EU မှ ယနေ့ ကြေညာ၏။

နိုဝင်ဘာ ၂၃ ၊ RFA ။ ။ မြန်မာတဝှမ်း မလွတ်သေးသော နိုင်ငံရေးအကျဉ်းသား ၆၀ ကျော် လွတ်ရေးအတွက် အကျဉ်းသားစာရင်းကို ဒီဇင်ဘာ မတိုင်ခင် သမ္မတထံ ပေးပို့မည်ဟု လက်ကျန်နိုင်ငံရေး အကျဉ်းသား စိစစ်ရေးကော်မတီမှ ယနေ့ဆိုဏ်။

နိုဝင်ဘာ ၂၃ ၊ RFA ။ ။ ထိုင်းနိုင်ငံ ချင်းမိုင်အခြေစိုက် ညီညွှတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC ဒုဥက္ကဋ္ဌ ဦးအေဘယ်လ်တို့၊ အထွေထွေအတွင်းရေးမှူး နိုင်ဟံသာနဲ့ ပဒို ဒေးဗစ်တာကပေါတို့ ရန်ကုန်သို့ရောက်ရှိ၏။

နိုဝင်ဘာ ၂၃ ၊ RFA ။ ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ချောမွေ့စွာ ပြင်ဆင်နိုင်ရေးသည် နိုင်ငံအတွက် အရေးအကြီးဆုံးဖြစ်၍ တပ်မတော်၊ လွှတ် တော်နှင့် အစိုးရထံ ဆွေးနွေးပွဲ သမ္မတဦးသိန်းစိန်မှ အကောင်အထည်ဖော်ပေးရန် သမ္မတထံသို့ မေတ္တာရပ်ခံစာ ပို့မည်ဟု အဲန်အဲလ်ဒီမှ ယနေ့ ကြေညာ၏။

နိုဝင်ဘာ ၂၄ ၊ RFA ။ ။ ၂၀၀၈ နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်မည်လော၊ အသစ်ပြန်လည်ရေးဆွဲမည်လော ဟူသည့် ဆန္ဒခံယူပွဲများကို NLD သည်စတင် ရခိုင်ပြည်နယ် တောင်ကုတ်၊ စစ်တွေမြို့နယ်တို့တွင် ပြုလုပ်နေ၏။

နိုဝင်ဘာ ၂၄ ၊ RGN ။ ။ မြန်မာ တိုးတက်မှု နောက်ကျရခြင်းသည် နှစ် ၆၀ ပြည်တွင်းစစ်ကြောင့်ဟု UNFC မှဆိုဏ်။

နိုဝင်ဘာ ၂၄ ၊ RFA ။ ။ မဲဆောက်မြို့ပိုင်ရုံးတွင် MTV EXIT ၏ စီစဉ်၍ လူကုန်ကူးမှု တိုက်ဖျက်ရေး ပညာပေးပွဲကျင်းပခဲ့ဏ်။

နိုဝင်ဘာ ၂၄ ၊ RFA ။ ။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၈ ကို ဖျက်သိမ်းရန် သမ္မတနှင့် လွှတ်တော်များသို့ တင်ပြမည်ဟု အရပ်ဘက်လူမှုအဖွဲ့ ၇ ဖွဲ့၏ ယနေ့ ဆွေးနွေးမှုဆုံးဖြတ်၏။

နိုဝင်ဘာ ၂၅ ၊ RFA ။ ။ သမ္မတဦးသိန်းစိန်သည် ရှေ့အပတ်တွင် ဖိလစ်ပိုင်သို့ အစိုးရဖိတ်ကြား၍ သွားရောက်မည်။

နိုဝင်ဘာ ၂၅ ၊ RFA ။ ။ ကုလသမဂ္ဂမှ သတ်မှတ်ထားသော အမျိုးသမီးများအပေါ် နည်းစုံ အကြမ်းဖက်မှု ပပျောက်ရေး ရန်ကုန် စစ်တွေနှင့် ဗန်း မော်မြို့များတွင် ယနေ့မှစ၍ ဒီဇင်ဘာ ၁၀ ရက်နေ့အထိ ကျင်းပမည်။

နိုဝင်ဘာ ၂၅ ၊ RFA ။ ။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း သပိတ်စခန်း ဖြိုခွဲခံရမှုကို ၂၀၁၂ ဒီဇင်ဘာတွင် တရုတ်သံရုံးရှေ့ ဦးဆောင် ချီ တက် ဆန္ဒပြသူ ၆ ဦးကို စမ်းချောင်းမြို့နယ် တရားရုံးမှ ယနေ့ ထောင်ဒဏ်တစ်လ စီ ပြစ်ဒဏ်ချမှတ်၏။

နိုဝင်ဘာ ၂၅ ၊ RFA ။ ။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးအဆင့်ဆွေးနွေးပွဲကို ၂၀၁၄ ဧပြီလောက်တွင် ဖြစ်မြောက် အောင် ကြိုးပမ်းမည်ဟု ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းမှဆိုဏ်။

နိုဝင်ဘာ ၂၅ ၊ RFA ။ ။ ရန်ကုန်ရောက် ညီညွှတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC ခေါင်းဆောင်များ ဒေါ်အောင်ဆန်း စုကြည်နှင့် သူမ၏ နေအိမ်တွင် တွေ့ ဆုံဆွေးနွေး၏။

နိုဝင်ဘာ ၂၅ ၊ RFA ။ ။ ဝါရင့်နိုင်ငံရေးသမားကြီးဦးထွေးမြင့် (၈၄) သည် အင်းစိန်နေအိမ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်၏။

နိုဝင်ဘာ ၂၅ ၊ RFA ။ ။ မြန်မာတွင် စစ်ဝါဒ ကျင့်သုံးမှုနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်ရန်နှင့် ငြိမ်းချမ်းရေးအတွက် လူထုတစ်ရပ်လုံး ပူးပေါင်းလုပ်ဆောင်ရန် ယနေ့ကျရောက်သော နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့တွင် ချင်းမိုင်အခြေစိုက် အမျိုး သမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) WLB မှ တိုက်တွန်း၏။

နိုဝင်ဘာ ၂၆ ၊ RFA ။ ။ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်သူနဲ့အဖွဲ့ မဲဆောက် မယ်တော်ဆေးခန်း၊ မနောဖြူစင် ရေလှူအသင်းအပါအဝင် ပ ရဟိတအဖွဲ့များနှင့် အတွေ့အကြုံ ဖလှယ်ခဲ့ဏ်။

နိုဝင်ဘာ ၂၆ ၊ Radio Australia ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ဩစတေးလျနိုင်ငံသို့ ရောက်ရှိ၏။

နိုဝင်ဘာ ၂၆ ၊ RFA ။ ။ ရန်ကုန်တိုင်း ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်မှ လယ်သမား ၃၃ ဦးကို ပိုင်နက်ကျူးလွန်မှုဖြင့် ဂရင်းအေရှား ကုမ္ပဏီမှ တ ရားစွဲဆိုထားမှု တရားရုံးမှာ စတင်ရုံး ထုတ်စစ်ဆေး၏။

နိုဝင်ဘာ ၂၆ ၊ RFA ။ ။ ကချင်ပြည်နယ် လိုင်ဇာမြို့မှာ ဖွဲ့စည်းခဲ့တဲ့ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ NCCT အဖွဲ့က တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်တွေဟာ ဒီကနေ့မနက်ကစပြီး ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ အပစ်အခတ်ရပ်စဲရေး မူဘောင်ဆိုင်ရာအချက် တွေကို စတင်ဆွေးနွေးခဲ့ ကြပါတယ်။

နိုဝင်ဘာ ၂၆ ၊ RFA ။ ။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်မလား၊ အသစ်ရေးဆွဲမလား ဆိုတဲ့ လူထုသဘောထားဆန္ဒ ရယူရေးအတွက် Eco Dev မြန်မာ့ စိမ်းလန်းအမိမြေအဖွဲ့ကဦးဆောင်ပြီး ရန်ကုန်မြို့လယ် ၁၂ မြို့နယ်က ပြည်သူတွေဆီ စစ်တမ်းကောက်ယူရာမှာ ၄၈ ရာခိုင် နှုန်းက ပြင်ဆင်ရေးဆွဲ ဖို့ဆန္ဒရှိကြောင်း သိရပါတယ်။

စာမျက်နှာ ၁၃ သို့

အခြေခံဥပဒေပြင်ဆင်လိုသူ များပြားကြောင်း စစ်တမ်းများမှတ်ပြ

RFA ၊ နိုဝင်ဘာ ၂၆ ။ ။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်မလား၊ အသစ်ရေးဆွဲမလားဆိုတဲ့ လူထုသဘောထားဆန္ဒရယူရေး အတွက် Eco Dev မြန်မာ့စိမ်းလန်းအမိမြေအဖွဲ့က ဦးဆောင်ပြီးရန်ကုန်မြို့လယ် ၁၂ မြို့နယ်က ပြည်သူတွေဆီ စစ်တမ်းကောက်ယူရာမှာ ၄၈ ရာခိုင်နှုန်းက ပြင်ဆင်ရေးဆွဲဖို့ဆန္ဒရှိကြောင်း သိရပါတယ်။

ဒီနေ့ ရန်ကုန်မြို့ Eco Dev စိမ်းလန်းအမိမြေရုံးခန်းမှာကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ စစ်တမ်းကောက်ယူရေးအဖွဲ့ခေါင်းဆောင် မဆုန်ချင်းပါရ်က အများစုက ပြင်ဆင်ရေးဆွဲဖို့ဆန္ဒရှိပြီး အနည်းစုလောက်သာ အသစ်ရေးဆွဲလိုကြကြောင်း RFA ကို ပြောပါ တယ်။

"၁၄ ရာခိုင်နှုန်းကတော့ အခြေခံဥပဒေအသစ်ကို လိုချင်တယ်ပေါ့နော်၊ အများစုပေါ့နော် ၄၈ ရာခိုင်နှုန်းက အခြေခံဥပဒေကို ပြင်ဆင်ချင်တယ်၊ ပြင်သင့်တယ်ပေါ့နော်၊ ၉ ရာခိုင်နှုန်းကတော့ လက်ရှိအခြေခံဥပဒေအတိုင်း ကျင့်သုံးကြည့်သင့်တယ်ဆိုတာမျိုး ရွေးထားတယ်၊ ၂၆ ရာခိုင်နှုန်းကတော့ သူတို့ရဲ့သဘောထားအမြင်ကို ဖော်မပြ

ဆီးဂိမ်းအာကာစားသများ ဦးရွှေမန်းအားပေး

RFA ၊ နိုဝင်ဘာ ၂၄ ။ ။ မြန်မာနိုင်ငံဟာ နိုင်ငံတကာနဲ့တန်းတူ ဖွံ့ဖြိုးတိုးတက်ဖို့စိတ်ဓာတ်တွေ အောင်နိုင်စိတ်တွေမွေးမြူပြီး မြန်မာပြည်သူတွေ နိုးကြားလာအောင် ဆောင်ရွက်နိုင်ဖို့ အရှေ့တောင်အာရှ အားကစားပွဲတော်က အရေးကြီးတယ်လို့ ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းက ဆီးဂိမ်းပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ့် အားကစားသမားတွေကို ဒီနေ့တွေ့ဆုံရာမှာ အားပေးပြောကြားလိုက်ပါတယ်။

၂၇ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ့် အားကစားသမားတွေကို မနေ့က နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်းမှာတွေ့ဆုံပြီး ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းက အခုလိုပြောခဲ့တာပါ။

"ဒီအားကစားပြိုင်ပွဲကြီးကနေတဆင့် ကျနော်တို့မြန်မာနိုင်ငံ သူများကိုမှီအောင်လိုက်ဖို့အတွက် စိတ်ဓါတ်တွေ၊ စည်းကမ်းတွေ၊ အောင်နိုင်စိတ်တွေမွေးမြူပြီး မြန်မာပြည်သူအများကို ထလော့ မြန်မာလို့ နိုးပေးနိုင်မယ့်အခွင့်အလမ်းပါ။ ဒါကြောင့်မို့ မိမိတို့ မြန်မာနိုင်ငံဟာ တခြားနိုင်ငံနဲ့တန်းတူညီတူ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျနော့်အနေနဲ့ ပြည်သူများရဲ့ကိုယ်စား တိုက်တွန်းဂုဏ်ပြုလိုတာကတော့ ဒီအားကစားပွဲကြီးကမြန်မာနိုင်ငံသားများကိုနိုးကြားပေးဖို့အတွက်တိုက်တွန်းပါတယ်"။

ဒါ့အပြင် အဲ့ဒီအားကစားပြိုင်ပွဲကို အောင်မြင်အောင်ကျင်းပပြီး နိုင်ငံ့ဂုဏ်သိက္ခာကိုပြသခြင်းဟာမြန်မာနိုင်ငံရဲ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အထောက်အကူပြုမှာဖြစ်တယ်၊ အဲ့ဒီအားကစားပြိုင်ပွဲတွေမှာ အားကစားသမားတွေဟာ ထိုက်သင့်တဲ့ အောင်မြင်မှုတွေရရှိဖို့နဲ့ ဆီးဂိမ်းပြိုင်ပွဲကျင်းပပြီးတဲ့နောက် ဖြစ်ပေါ်လာမယ့် လူမှုရေး စီးပွားရေးကဏ္ဍတွေကို အရှိန်အဟုန်မြင့်ဆောင်ရွက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပတာဖြစ်တယ်လို့လည်း ဆိုပါတယ်။

ရှေ့လ ၁၁ ရက်နေ့ မြန်မာနိုင်ငံမှာ စတင်ကျင်းပမယ့် ဆီးဂိမ်းအရှေ့တောင်အာရှ အားကစားပွဲတော်ကို နိုင်ငံပေါင်း ၁၁ နိုင်ငံက အားကစားသမား ၅၀၀၀ကျော် ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

တတ်ဘူးပေါ့နော်၊ ၃ ရာခိုင်နှုန်းကတော့ မဖြေဘူး၊ ကျောက်တံတားမြို့နယ်ပါတယ်၊ လမ်းမတော်ပါတယ်၊ လသာ၊ ပန်းပဲတန်း၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ အလုံ၊ စမ်းချောင်း၊ ကမာရွတ်၊ မင်္ဂလာတောင်ညွှန့်၊ တာမွေ၊ ရန်ကင်းစသဖြင့်ပေါ့နော်"

အောက်တိုဘာ ၁၈ရက်နဲ့ ၁၉ရက်နေ့တွေကရန်ကုန်မြို့လယ်က ကျောက်တံတား၊ ပန်းပဲတန်း၊ လသာ၊ ဗိုလ်တထောင်စတဲ့ မြို့နယ် ၁၂ မြို့နယ်က လူဦးရေတထောင်ကျော်တို့ကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မလား၊ အသစ်ရေးဆွဲမလားဆိုတဲ့ လူထုဆန္ဒ သဘောထားတွေကို စစ်တမ်းကောက်ယူခဲ့ကြတာပါ။ စစ်တမ်းကောက်ယူရာမှာ ပြည်သူအများစုဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေအကြောင်းကို သေသေချာချာ ဂဃနဏ မသိကြတဲ့သူတွေဖြစ်တယ်လို့ သိရပါတယ်။

အဲဒီစစ်တမ်းကောက်ယူခဲ့တဲ့ရလဒ်တွေကို ပြည်ထောင်စုလွှတ်တော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးကော်မတီဆီ တင်ပြသွားမယ်လို့ သိရပါတယ်။

လတ်တလောမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မလား၊ အသစ်ရေးဆွဲမလားဆိုတဲ့ လူထုဆန္ဒကောက်ယူမှုတွေကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်လို နိုင်ငံရေးပါတီတွေကလည်း မြန်မာတပြည်လုံးအနှံ့ လိုက်လံဟောပြောတာတွေလည်း လုပ်ဆောင်နေကြပါတယ်။

IMF အကြီးအကဲ ရန်ကုန်လာမည်

VOA ၊ နိုဝင်ဘာ ၂၇ ။ ။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ရဲ့အမှုဆောင်ညွှန်ကြားရေးမှူး Christine Lagarde ဟာ ဒီဇင်ဘာလ ၆ရက်နဲ့ ၇ ရက်မှာ မြန်မာနိုင်ငံကို သွားရောက်မှာ ဖြစ်ပါတယ်။

ဒီဇင်ဘာလ ၂ ရက်ကနေ ၇ ရက်နေ့အထိ ကမ္ဘောဒီးယား၊ ကိုရီးယားနဲ့မြန်မာနိုင်ငံတွေကို IMF အကြီးအကဲ သွားရောက်မယ်ဆိုတာကို IMF က အင်္ဂါနေ့က ကြေညာချက်ထုတ်ပြန်ပါတယ်။

ကမ္ဘာ့စီးပွားရေးမှာ နံပါတ် ၁၃ မြောက်ရှိတဲ့ အင်အားအကြီးဆုံးတောင်ကိုရီးယား၊ စီးပွားရေးတိုးတက်ဖို့ အလားအလာတွေရှိနေတဲ့ ကမ္ဘောဒီးယားနဲ့ မရေမတွက်နိုင်တဲ့ အခွင့်အလမ်းတွေ ရှိလာနေတဲ့ မြန်မာနိုင်ငံတို့ဆီကို IMF အမှုဆောင် ညွှန်ကြားရေးမှူးတယောက်အနေနဲ့ သွားဖို့ အင်မတန်မှ စိတ်အားထက်သန်နေတယ်လို့ Ms. Lagarde က ပြောတာကို ကြေညာချက်မှာ ကိုးကားဖော်ပြထားပါတယ်။

၃ နိုင်ငံခရီးစဉ်မှာ နောက်ဆုံးအဖြစ် မြန်မာနိုင်ငံကို ဒီဇင်ဘာလ ၆ ရက်နဲ့ ၇ ရက်နေ့တွေမှာ သွားပါလိမ့်မယ်။ နေပြည်တော်နဲ့ ရန်ကုန်မြို့တွေကို သွားရောက်မယ့် IMF အကြီးအကဲ Christine Lagarde ဟာ ဒုသမ္မတဦးဘာဏ်ထွန်း၊ အခွန်ဘဏ္ဍာဝန်ကြီး ဦးဝင်းစိန်၊ ဗဟိုဘဏ်ဥက္ကဋ္ဌဦးကျော်ကျော်မောင်တို့နဲ့တွေ့ဆုံဆွေးနွေးဖို့အစီအစဉ်ရှိပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ဆုံမှာဖြစ်ပြီး စီးပွားရေးမှာ အမျိုးသမီးတွေရဲ့အခန်းကဏ္ဍကို မီးမောင်းထိုးဆွေးနွေးမယ့် မြန်မာ အမျိုးသမီးများဆွေးနွေးပွဲကိုလည်းတက်ရောက်ပါဝင်ပါလိမ့်မယ်။ ဒါ့အပြင် ရန်ကုန် စီးပွားရေးတက္ကသိုလ်မှာ ကျောင်းသူ ကျောင်းသားတွေကို မိန့်ခွန်းပြောမယ်လို့ IMF ရဲ့ ကြေညာချက်ထဲမှာ ဖော်ပြထားပါတယ်။

နောက်ဆုံးဒေါ်အောင်ဆန်းစုကြည်နှင့် သြစတြေးလျားဝန်ကြီးချုပ်တွေ့

VOA ၊ နိုဝင်္ဘာ ၂၈ ။။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်ရဲ့ပထမဆုံးအကြိမ်သြစတြေးလျားနိုင်ငံ ခရီးစဉ်အတွင်းမြန်မာနိုင်ငံမှာ စစ်မှန်တဲ့ အပြောင်းအလဲတွေ ပေါ်ပေါက်လာဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ရေးကိစ္စကို အဓိကပြောဆိုခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီကနေ့ တွေ့ဆုံခဲ့တဲ့ သြစတြေးလျားဝန်ကြီးချုပ်ကတော့ မြန်မာနိုင်ငံမှာ နောက်တကြိမ်ကျင်းပမယ့် ရွေးကောက်ပွဲအတွက် တန်းတူညီမျှ ယှဉ်ပြိုင်ခွင့်ရတဲ့အခြေအနေတွေ ပေါ်ပေါက်ဖို့ အရေးကြီးတာကို အလေးထား ပြောဆို ခဲ့တာပါ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သြစတြေးလျားခရီးစဉ် နောက်ဆုံးအခြေအနေတွေကိုတော့ ကိုအောင်လွင်ဦးကပြောပြပေးမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မကြာသေးခင် နှစ်တွေအတွင်း အပြောင်းအလဲတွေ ရှိခဲ့ပေမဲ့ အသွင်ကူးပြောင်းရေးအတွက် အဓိက အဟန့်အတားဖြစ်နေရတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို မပြင်ဆင်နိုင်ဘူးဆိုရင်တော့စစ်မှန်တဲ့ ဒီမိုကရေစီ ပေါ်ပေါက်ဖို့ မဖြစ်နိုင်တဲ့အကြောင်း ဒေါ်အောင်ဆန်းစုကြည် က တောက်လျှောက်ဆိုသလို ပြောဆိုနေတာပါ။

အိမ်ရှင် သြစတြေးလျားနိုင်ငံရဲ့ ဝန်ကြီးချုပ် Tony Abbott နဲ့ တွေ့ဆုံအပြီးမှာလည်း အချေအတင် ပြောစရာတွေ ဖြစ်နေရတဲ့ အခြေခံဥပဒေကို ပြင်ဆင်ရေးအတွက် ပြည်တွင်းပြည်ပက ထောက်ခံမှုရဖို့ကြိုးစားနေတဲ့ ဒေါ်အောင်ဆန်းစုကြည်က ဒီကိစ္စကို အာရုံစိုက်ပြီးသတင်းထောက်တွေကို ပြောခဲ့တာဖြစ်ပါတယ်။

"ကျမအနေနဲ့ အလေးထား ပြောချင်တာကတော့ ကျမတို့ဟာ ဒီမိုကရေစီခရီးကို စရုံပဲစရပါသေးတယ်၊ တချို့လူတွေ မြင်နေသလို၊ အပြည့်အဝ အခြေအနေမျိုးတော့ မရောက်သေးပါဘူး။ အခြေခံဥပဒေပြင်ဆင်ရေးအတွက် တင်မကပါဘူး၊ လုပ်ရမယ့် ကိစ္စတွေ အများကြီးရှိနေပါသေးတယ်။ အခြေခံဥပဒေကိုမပြင်ဆင်နိုင်ပဲနဲ့တော့စစ်မှန်တဲ့ ဒီမိုကရေစီ လူ့အသိုင်းအဝိုင်းတခုလည်း ဖြစ်မလာနိုင်ပါဘူး။"

အချေအတင်ဖြစ်စရာ အခြေအနေတွေအောက်မှာ အတည်ပြုခဲ့တဲ့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရ ဆိုရင်တော့ နိုင်ငံခြားသားနဲ့ ဆွေမျိုးသားချင်း တော်စပ်သူ အဖြစ် ဒေါ်အောင်ဆန်းစုကြည်ဟာအစိုးရရဲ့ အဆင့်မြင့် ရာထူးတွေကို တာဝန်ယူခွင့်လည်း မရှိပါဘူး။

ဒီအတွက်လည်း လာမယ့် ၂၀၁၅ ခုနှစ်မှာ နောက်တကြိမ် ရွေးကောက်ပွဲတွေ ကျင်းပတဲ့အခါ NLD ပါတီရဲ့ ခေါင်းဆောင်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရာမှာ လွတ်လပ်မျှတတဲ့အခြေအနေမျိုးရှိမှာ မဟုတ်တဲ့အကြောင်းလည်း အစိုးရရုံးစိုက်ရာကင်ဘာရာမြို့မှာ သြစတြေးလျားဝန်ကြီးချုပ်နဲ့တွေ့ဆုံအပြီး ပြုလုပ်ခဲ့တဲ့ ပူးတွဲသတင်းစာရှင်းလင်းပွဲ အတွင်း ဒေါ်အောင်ဆန်းစုကြည်က ပြောသွားပါတယ်။

သြစတြေးလျားဝန်ကြီးချုပ်ကလည်း မြန်မာနိုင်ငံမှာ နောက်တကြိမ် ရွေးကောက်ပွဲတွေ ကျင်းပတဲ့အခါ လွတ်လပ်မျှတတဲ့ အခြေအနေတွေ ပေါ်ပေါက်အောင်ဖန်တီးနိုင်တဲ့ အခွင့်အလန်းတွေရှိနေတဲ့အတိုင်း အစိုးရက ဆောင်ရွက်ဖို့ ပြောဆိုသွားခဲ့တာပါ။

"ဖြစ်နိုင်တဲ့နည်းလမ်းရှိတယ်ဆိုတာတော့ ရှင်းပါတယ်။ကျနော်တို့ရဲ့ရပ်တည်ချက်နဲ့ ပတ်သက်လို့လည်း မြန်မာအစိုးရက နားလည်တယ်လို့ယူဆပါတယ်။ သေချာတာကတော့၊ မြန်မာနိုင်ငံမှာ လွတ်လပ်ပြီး၊ တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ပေါ်ပေါက်ဖို့နဲ့ တန်းတူညီမျှ ယှဉ်ပြိုင်နိုင်အောင် ထင်သာမြင်သာ ဆောင်ရွက်ရပါလိမ့်မယ်။"

ပြင်ဆင်စရာတွေ အများအပြားရှိနေတဲ့ အခြေခံဥပဒေနဲ့ပတ်သက်လို့ ကာကွယ်ရေးဦးစီးချုပ်နဲ့ လွှတ်တော်တွင်းက တာဝန်ရှိသူတွေ၊ သမ္မတတို့ တွေ့ဆုံဆွေးနွေးရေးအတွက်လည်း ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ NLD ပါတီက မကြာသေးခင်ကပဲ တိုက်တွန်းထားတာဖြစ်ပါတယ်။

အခြေခံဥပဒေ ပြင်ဆင်ရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းက ဝိုင်းဝန်းထောက်ခံကြဖို့ ဒေါ်အောင်ဆန်းစုကြည်ကတိုက် တွန်းနေသလို၊ NLD ပါတီကလည်း ပြည်တွင်းမှာ သဘောထားစစ်တမ်းကောက်ယူတဲ့ အစီအစဉ်တွေကို လုပ်ဆောင်နေတာပါ။

ကြာသပတေးနေ့ အစောပိုင်းက ဆစ်ဒနီမြို့မှာရှိတဲ့ Lowy နိုင်ငံတကာ မူဝါဒရေးရာဌာနက ကမကထလုပ် ကျင်းပတဲ့ နီးနောဖလှယ်ပွဲအတွင်းမှာတော့ အခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အလားအလာတွေနဲ့ ပတ်သက်လို့ အားတက်စရာ မျှော်လင့်ချက်တွေ ရှိနေတဲ့အကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည် ကပြောဆိုသွားပါတယ်။

"အလားအလာတွေ ကောင်းတယ်လို့ ကျမပြောရတာကတော့ လူထုအများစုက ဒီကိစ္စနဲ့ ပတ်သက်လို့ ပိုပြီးနားလည် သဘောပေါက်လာကြသလို၊ ပြင်ဆင်ဖို့ကိုလည်း ပိုပြီးထောက်ခံလာကြတာကြောင့် ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်မှာတုန်းက လူထုဆန္ဒခံယူပွဲမှာ မဲပေးကြရတုန်းက အခြေခံဥပဒေထဲမှာ ဘာတွေ ပါတယ်ဆိုတာကို အများစုက မသိခဲ့ကြပါဘူး။

တကယ်တော့တော်တော်များများကမဲတောင်မပေးခဲ့ကြပါဘူး။ ဒီလိုမဲတွေ မပေးခဲ့ပေးမယ့်လည်း နောက်ဆုံးမှာ မဲတွေကို တွက် ခဲ့ပါတယ်။ ဒါကြောင့်လည်း အများစုရဲ့ထောက်ခံမှုတွေ အနေနဲ့ အမြန်ကျမတို့ ပြင်စရာရှိတာတွေ ပြင်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ ဒါပေမဲ့လည်း ကျမတလျှောက်လုံး ပြောသလို မြန်မြန်ဖြစ်တယ်ဆိုရင်တော့ ပိုကောင်းပါတယ်။"

သြစတြေးလျားနိုင်ငံခြားရေးဝန်ကြီး Julie Bishop ရဲ့ ဖိတ်ကြားချက်နဲ့ရောက်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဒီဇင်ဘာလ ၂ ရက်နေ့ အထိ ခရီးစဉ် အတွင်းမှာတော့ အစိုးရထိပ်တန်း တာဝန်ရှိသူတွေနဲ့ သာမက လွှတ်တော်ကိုယ်စားလှယ်တွေနဲ့လည်း တွေ့ဆုံမှာပါ။

သီတင်းတပတ်ကြာ ခရီးစဉ်အတွင်းမှာတော့ ဆစ်ဒနီ၊ ကင်ဘာရာနဲ့ မယ်လ်ဘုန်းမြို့တွေကိုပါ ဒေါ်အောင်ဆန်းစုကြည် သွားရောက်ရာမှာ သြစတြေးလျားရောက် မြန်မာနိုင်ငံသားတွေနဲ့ တွေ့ဆုံမှာဖြစ်ပြီး သူ့ခရီးစဉ်ရဲ့ အဓိကရည်ရွယ်ချက်တခုအဖြစ် ကုလသမဂ္ဂက ကြီးမှူးကျင်းပမယ့် နိုင်ငံတကာ HIV/AIDS ညီလာခံမှာလည်း မြန်မာနိုင်ငံဆိုင်ရာ ဂုဏ်ထူးဆောင်သံတမန်အဖြစ်နဲ့ ပါဝင်ဆွေးနွေးမှာဖြစ်ပါတယ်။

အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်

ဒေါ်အောင်ဆန်းစုကြည် သြစတြေးလျားနိုင်ငံ ခရီးစဉ်စတင်

VOA ၊ နိုဝင်ဘာ ၂၆ ။ ။အဖွဲ့ချုပ် NLD ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်ဟာ နောက်ထပ် ပြည်ပခရီးစဉ်အဖြစ် သြစတြေးလျားနိုင်ငံကို သွားရောက်ဖို့ ဒီကနေ့ပဲ မြန်မာနိုင်ငံက ထွက်ခွာသွားပါပြီ။ မြန်မာနိုင်ငံက အဓိက အတိုက်အခံ နိုင်ငံရေးပါတီခေါင်းဆောင်တဦးအဖြစ် သြစတြေးလျား အစိုးရထိပ်တန်း တာဝန်ရှိသူတွေနဲ့ တွေ့ဆုံမှာဖြစ်သလို၊ ကျွမ်း AIDS နေ့ အခမ်းအနားကိုလည်း တက်ရောက်ဦးမှာပါ။ အပြည့်အစုံကိုတော့ ဆက်သွယ်မေးမြန်းထားတဲ့ မဆုမွန်က ပြောပြပေးမှာဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အဖွဲ့ဝင်လေးဦးဟာ နိုဝင်ဘာလ ၂၆ ရက်နေ့ အင်္ဂါနေ့မှာပဲ မြန်မာနိုင်ငံကနေ သြစတြေးလျားနိုင်ငံကို စတင်ထွက်ခွာပြီးဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သြစတြေးလျားနိုင်ငံ ခရီးစဉ်ဟာ အဓိက ဒီဇင်ဘာလ ၁ ရက်နေ့မှာ ကျရောက်မယ့် ကျွမ်း AIDS နေ့ အခမ်းအနားကို တက်ရောက်ဖို့ဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြောရေးဆိုခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်က ဗွီအိုအေ မြန်မာပိုင်းကို ပြောပါတယ်။

"ဒီခရီးစဉ်တခုလုံးရဲ့ အဓိကရည်ရွယ်ချက်ကတော့ World AIDS Day အခမ်းအနားကို တက်ရောက်ဖို့ပါ။ Melbourne မှာ ဒီဇင်ဘာလ ၁ ရက်နေ့ ကျင်းပမယ့် World AIDS Day အခမ်းအနားပေါ့ဗျာ ဒီအခမ်းအနားကို တက်ရောက်ဖို့ကတော့ အဓိကရည်ရွယ်ချက်ပါ။နောက်ပြီးကျတော့ Canberra မှာရှိတဲ့ သြစတြေးလျလွှတ်တော်ကို သွားရောက် လေ့လာစရာတွေလည်းရှိသလို၊ Melbourne နဲ့ Sydney မှာရှိနေတဲ့ သြစတြေးလျားတက္ကသိုလ်တွေမှာလည်း ပညာရပ်ဆိုင်ရာကိစ္စရပ်တွေကိုဆွေးနွေးဖို့၊ လေ့လာဖို့ဒါတွေလည်းရှိပါတယ်ခင်ဗျ။ နောက်တခါ သြစတြေးလျားဝန်ကြီးချုပ်ဖြစ်တဲ့ Tony Abbott တို့၊ သြစတြေးလျားနိုင်ငံခြားရေးဝန်ကြီး Julie Bishop တို့နဲ့လည်း တွေ့ဖို့ အစီအစဉ်ရှိသလို၊သြစတြေးလျားနိုင်ငံမှာရောက်ရှိနေကြတဲ့မြန်မာမိသားစုတွေနဲ့လည်း Sydney နဲ့ Melbourne မြို့တွေမှာတွေ့ဖို့ အစီအစဉ်ရှိပါတယ်။ ညပိုင်းလောက်မှာတော့ မြန်မာနိုင်ငံကိုပြန်ရောက် ပါမယ်ခင်ဗျ။"

သြစတြေးလျားနိုင်ငံခရီးစဉ်အတွင်းမှာ သြစတြေးလျားပါလီမန်ကိုလည်း သွားရောက်လေ့လာမှာဖြစ်ပြီး လွှတ်တော်ထိပ်ပိုင်းခေါင်းဆောင်တွေနဲ့ တွေ့ဆုံဖို့ရှိပါတယ်။ သြစတြေးလျားနိုင်ငံက တက္ကသိုလ် ၃ ခုကနေ ပူးပေါင်းပြုလုပ်မယ့် Sydey Opera House မှာ ကျင်းပမယ့် ဘွဲ့နင်းသဘင်အခမ်းအနားကိုလည်း ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ပြီး အမှာစကား ပြောကြားဖို့ ရှိပါတယ်။ ဒီနောက်မှာ Australian National တက္ကသိုလ်၊ Monash တက္ကသိုလ်တွေကို သွားရောက်လေ့လာပြီး မြန်မာနိုင်ငံအတွက် အဓိကလိုအပ်နေတဲ့ ပညာရေးဆိုင်ရာကိစ္စတွေကိုလည်း ပညာရှင်တွေနဲ့ ဆွေးနွေးဖို့ရှိပါတယ်။

သြစတြေးလျားနိုင်ငံ အကြီးအကဲတွေရဲ့ ဖိတ်ကြားချက်နဲ့ ရောက်ရှိလာတဲ့ ဒီခရီးစဉ်အတွင်း သြစတြေးလျား-မြန်မာနိုင်ငံဆက် ဆံရေး ပိုကောင်းမွန်လာစေဖို့ မျှော်လင့်တယ်လို့ သြစတြေးလျားနိုင်ငံက မြန်မာ့အရေးလှုပ်ရှားသူ ဒေါက်တာမြင့်ချိုကလည်း ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပထမဦးဆုံး သြစတြေးလျားကိုလာတဲ့ခရီးစဉ်ဟာ သြစတြေးလျား ဘုရင်ခံချုပ်ကနေ နိုင်ငံတော်ဇည့်သည်အဖြစ်နဲ့ ဖိတ်ကြားလို့လာခဲ့တဲ့ခရီးစဉ်မို့လို့ ကျနော်တို့ မြန်မာတွေအကုန်လုံးကနေတကယ့်ကိုဂုဏ်ယူဝမ်းသာပြီးတော့ပေါ့နော်အားရပါးရကြိုဆိုဖို့ ကျနော်တို့ပြင်ဆင်နေကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခရီးစဉ်ကြောင့် သြစတြေးလျားအစိုးရရော၊သြစတြေးလျားပါလီမန်၊ သြစတြေးလျားလူ့အသိုင်းအဝိုင်း အကုန်လုံးကနေ မြန်မာနိုင်ငံရဲ့ လက်ရှိဖြစ်ပျက်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအ ခြေအနေအရပ်ရပ်ကို ပိုပြီးတော့ စိတ်ဝင်စားလာမယ်လို့ ကျနော်တို့ ပိုပြီး ယုံကြည်ပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်ဟာ Sydney မြို့၊ Canberra မြို့နဲ့ Melbourne မြို့တွေကို သွားရောက်ဖို့ရှိပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ သြစတြေးလျားနိုင်ငံရောက် မြန်မာမိသားစုတွေနဲ့လည်း တွေ့ဆုံဖို့စီစဉ်ထားတယ်လို့ ဒေါက်တာမြင့်ချိုက ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည် သြစတြေးလျကို လာမယ်ဆိုတာ သိတာနဲ့ ကျနော်တို့ Sydney အခြေစိုက် အဖွဲ့ပေါင်းစုံရဲ့ ကိုယ်စားလှယ်တွေ၊ တသီးပုဂ္ဂလနဲ့ စိတ်ဝင်စားတဲ့ပုဂ္ဂိုလ်တွေ အားလုံးစုဖွဲ့ပြီးတော့ ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုကြိုဆိုရေးကော်မတီဆိုတာ ကျနော်တို့ ဖွဲ့ထားပါတယ်။ စိတ်ဝင်စားတဲ့ပုဂ္ဂိုလ်တွေရဲ့ မေးခွန်းတွေ အကုန် လုံး ကို စုစည်းပြီးတော့ တူရာတူရာလေးတွေ ကျနော်တို့ခွဲထားပါတယ်။ အဲ့ဒီမှာ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ပညာရေး စတဲ့ မေးခွန်းလေးတွေ ကျနော်တို့ ခွဲထားပါတယ်။ အချိန်ရရင်ကျနော်တို့ ဒီမေးခွန်းတွေကို ဦးစားပေးအလိုက်ပေါ့လေ မေးဖို့အစီ အစဉ်တွေရှိပါတယ်။ အထူးသဖြင့်တော့ မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုလေးတွေ၊ နောက် တိုင်းရင်းသားဒေသတွေမှာ အပစ်အခတ်ရပ်စဲရေးတွေ မဖြစ်သေးဘဲနဲ့ တိုက်ပွဲတွေဆက်ဖြစ်နေသေးတာ၊ ဘာသာရေး၊ လူမှုရေး ပြဿနာတွေ ဖြစ်နေတာ၊ နောက်ပြီးတော့ တရားဥပဒေကင်းမဲ့မှု ပြဿနာတွေအဲ့ဒါတွေ အကုန်လုံးနဲ့ပတ်သက်တဲ့ကိစ္စတွေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်ပြီးတော့ ပြင်ဆင်ဖို့ အခက်အခဲ ဘယ်လောက်အခြေအနေရှိတယ်ဆိုတဲ့ကိစ္စတွေ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲကိစ္စတွေ ဒါတွေအကုန်လုံးကို လွှမ်းခြုံတဲ့မေးခွန်းတွေ မေးဖို့တော့အစီအစဉ်ရှိပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်ရဲ့ သြစတြေးလျားနိုင်ငံခရီးစဉ်ဟာ နိုဝင်ဘာလ ၂၆ ရက်နေ့ကနေ ဒီဇင်ဘာလ ၂ ရက်နေ့အထိ သီတင်းတပတ်တာ ကြာမြင့်မှာဖြစ်ပါတယ်။

အပြောင်းအလဲတွေလုပ်ဖို့
လုပ်ပိုင်ခွင့် အာဏာ လိုအပ်တဲ့အတွက်
လုပ်ချင်တဲ့ အပြောင်းအလဲတွေ လုပ်ဖို့
အာဏာ လိုအပ်တယ်။

ဒေါ်အောင်ဆန်းစုကြည်

ဖြတ္သီနိမ့

နိုဝင်ဘာ ၂၆ ၊ RFA ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် တစ်ပတ်ကြာ သြစတြေးလျ ခရီးစဉ်အတွက် ယနေ့ ရန်ကုန်မှ ထွက်ခွာ၏။

နိုဝင်ဘာ ၂၇ ၊ Fox News ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ငါးရက်တာ သြစတေးလျခရီး စရန် ဆစ်ဒနီသို့ရောက်ရှိ၏။

နိုဝင်ဘာ ၂၇ ၊ Bloomberg ။ ။ တချိန်က ကမ္ဘာဖလားနိုင်ငံ မြန်မာသည် ၂၀၁၄-၁၅ ဘတ်ဂျက်နှစ်တွင် ပြည်ပဆန်ပို့မှုကို လက်ရှိ ၁.၈သန်းတန်မှ တန်ချိန် ၂.၅ သန်းအထိတိုးမည်ဟု ကုန်သွယ်ရေးညွှန်ချုပ် ဦးတိုးအောင်မြင့်မှဆို၏။ ။

နိုဝင်ဘာ ၂၇ ၊ Huffington Post ။ ။ မြန်မာ တိုင်းရင်းဒေသများတွင် ပြုပြင်ပြောင်းလဲမှု တိုးတက်မှုများလိုနေရာ လူ့အခွင့်အရေးသည်လည်း အဓိကလိုအပ်ချက် တစ်ခုဖြစ်သည်။

နိုဝင်ဘာ ၂၇ ၊ ရန်ကုန်၊ BBC ။ ။ ယနေ့ ကျရောက်သည့် ၉၃ မြောက် အမျိုးသားနေ့ကို ရန်ကုန်မန္တလေး စသည့် မြို့ကြီးများရှိ အဲန်အဲလ်ဒီ အဖွဲ့ချုပ်ရုံးများတွင် ဦးဝင်းတင်၊ ဦးတင်ဦးတို့ ဦးဆောင်ကျင်းပတက်ရောက်ခဲ့၏။ ခေတ်လူငယ်များ မေ့လုမေ့ခင်ဖြစ်နေသော အမျိုးသားနေ့သည် မမေ့သင့်သော နေ့ဟု မိမိမြင်ကြောင်း ဦးချန်ထွန်းမှဆို၏။

နိုဝင်ဘာ ၂၇ ၊ Bangkok ။ ။ ထိုင်းတွင် အစိုးရအပေါ် လူထုဆန္ဒပြပွဲများ ဖြစ်နေရာ အစိုးရဌာနများကိုပါ သိမ်းနိုင်မည့်အခြေအနေ ရောက်နေကာ ထိုင်းဝန်ကြီးချုပ် ယင်လပ်ခ် ရှိနာဝတာရာသည် တင်းကြပ်လျက်ရှိကြောင်း။

နိုဝင်ဘာ ၂၇ ၊ IMF ။ ။ Christine Lagarde ဦးစီးခဲ့ ကမ္ဘာ့ငွေကြေးရံပုံငွေအဖွဲ့ IMF သည် မြန်မာတွင် ဒီဇင်ဘာ ၂ မှ ၇ အထိ အစိုးရ၊ လွှတ်တော်၊ လူမှုစီးပွား၊ အမျိုးသမီး၊ တိုင်းရင်းသား၊ ကျောင်းသားအဖွဲ့များ၊ ခေါင်းဆောင်များနှင့် ဆုံဆွေးနွေးမည်။

နိုဝင်ဘာ ၂၇ ၊ RGN ။ ။ ဒီမိုကရေစီအတွက် ထောင်ချောက် ဖြစ်လာတတ်သော အမျိုးသားရေးဝါဒကို သတိပြုဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ယနေ့ သတိပေး၏။

နိုဝင်ဘာ ၂၇ ၊ RFA ။ ။ သဃန်းကျွန်း မိကျောင်းကန်မြေနေရာ အပိုင်း ၁၊ ၂၊ ၃ မှ မြေရှင်များ စစ်တပ်မှသိမ်းယူထားမြေများ ပြန်ရရေး ယနေ့ ၉ ကြိမ်မြောက် ဆန္ဒပြခဲ့ကြပြီး ဒုတိယအကြိမ်မြောက် သပိတ်စခန်းဖွင့်ခဲ့၏။

နိုဝင်ဘာ ၂၇ ၊ ABC ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် သြစတေးလျဝန်ကြီးချုပ် တိုနီ အက်ဘော့တ်နှင့် ပူးတွဲ သတင်းရှင်းပွဲ ကျင်းပ၏။

နိုဝင်ဘာ ၂၇ ၊ Guardian/ AFP (Australia) ။ ။ ဥပဒေပြင်ဆင်ရန် လွှတ်တော်မဲ ၇၅% လိုအပ်ကာ စစ်ဦးစီးချုပ်တဦးတည်းက ခန့်ထားသော စစ်တပ်မှ ပုဂ္ဂိုလ်များဖြစ်သည် မဲ ၂၅% ယူထားသည့် ဖွဲ့စည်းပုံဥပဒေသည် မည်သို့မျှ ဒီမိုကရေစီမကျ၍ မပြင်ဆင်၍မဖြစ်ဟု သြစတေးလျ မိန့်ခွန်းများတွင် ဒေါ်အောင်ဆန်းစုကြည်မှဆို၏။

နိုဝင်ဘာ ၂၇ ၊ Guardian ။ ။ ဆစ်ဒနီတက္ကသိုလ်နှင့် ဆစ်ဒနီစက်မှုတက္ကသိုလ်တို့သည် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ထူးဆောင် ဒီဂရီများ ချီးမြှင့်၏။

နိုဝင်ဘာ ၂၈ ၊ AP (သြစတေးလျ) ။ ။ ဆစ်ဒနီမိန့်ခွန်းကို အကျိုးရှိရှိသုံးကာ ကမ္ဘာသည် မြန်မာတွင်း ရင်းနှီးမှုတွင် တာရှည် အနာဂတ်ကို ကြည့်သင့်ကြောင်း တိုက်တွန်း၏။

နိုဝင်ဘာ ၂၈ ၊ ရေဒီယိုသြစတေးလျား ။ ။ အစိုးရသည် နိုင်ငံလုံခြုံရေး၊ ငြိမ်းချမ်းရေး စသည်တို့ကို တာဝန်ယူရမည်၊ မယူနိုင်က မိမိတို့အား အာဏာအပ်ရုံပဲရှိသည်ဟု ဆစ်ဒနီ အော်ပရာခန်းမ မိန့်ခွန်းတွင် ဒေါ်အောင်ဆန်းစုကြည်မှဆို၏။

နိုဝင်ဘာ ၂၉ ၊ DVB ။ ။ လက်ပံတောင်းတောင် လယ်တီစေတီတော်တွင် စိန်ဖူးသစ်တင်ရန် ပင့်ဆောင်စဉ် ရွှေလှေရွှာအနီးတွင် အာဏာပိုင်များမှ ပိတ်ပင်၏။ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးကို တားမြစ်ခြင်းဟု အာဏာပိုင်များမှဆို၏။

နိုဝင်ဘာ ၂၉ ၊ DVB ။ ။ ရွှေပြည်သာ စက်မှုဇုန်ရှိ တော်ဝင်သစ် အချောထည်စက်ရုံမှ အလုပ်သမားအခွင့်အရေးအတွက် ဆန္ဒပြခဲ့သူ ၆ ဦးအား စမ်းချောင်းတရားရုံးမှ အလုပ်ကြမ်းနှင့်ထောင် တစ်လ သို့မဟုတ် ဒဏ်ငွေ တစ်သောင်း ချမှတ်၏။

နိုဝင်ဘာ ၂၉ ၊ DVB ။ ။ ကုန်ဈေးနှုန်းကျဆင်းရေး လှုပ်ရှားသူ ဦးထင်ကျော်အား ကျောက်တံတားတရားရုံးမှ ထောင် ၉လ နှင့် ပဲခူးတရားရုံးမှ လယ်သမားအရေး ကူညီသူ ဦးဝင်းချိုအား ထောင် ၆လ ချမှတ်ခဲ့၏။

နိုဝင်ဘာ ၂၉ ၊ DVB ။ ။ မိုးညိုမြို့နယ် ဧရာဝတီမြစ်ကမ်းမှ ကျောက်စရစ်နှင့် သဲများကို မော်တော်များမှစုပ်ယူသွား နေ၍ ဒေသခံတောင်ယာကိုင်းမြေများ ပြိုကျပျက်စီးမှု-များဖြစ်နေကြောင်း။

နိုဝင်ဘာ ၂၉ ၊ DVB ။ ။ လက်ပံတောင်းတောင် ဆန္ဒပြသပိတ်စခန်းတွင် အကြမ်းဖက်ဖြိုခွင်းမှု တနှစ်ပြည့်အထိမ်းအမှတ် ဆန္ဒပြပွဲ တရုတ်သံရုံးရှေ့ ဆန္ဒပြ၏။

နိုဝင်ဘာ ၂၉ ၊ ABC (Australia) ။ ။ သြစတေးလျသည် ခိုလှုံသူ ရိုဟင်ဂျာများကို အကာအကွယ်ပေးသင့်သလော မေးခွန်းကို ဒေါ်အောင်ဆန်း စုကြည်မှ သြစတေးလျတွင် တရားဥပဒေစိုးမိုးရေးရှိလျှင် ထိုဥပဒေဘောင်အတွင်းမှ ကျင့်သုံးရမည်ဖြစ်ပြီး တရားမျှတရေးတွင် သနားညှာတာထောက်ထားမှုဖြင့် ထိမ်းသိမ်းရမည်ဟု ဖြေကြား၏။

နိုဝင်ဘာ ၂၉ ၊ မဏ္ဍိမ ။ ။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ(ပုဒ်မ-၁၈) ပြဋ္ဌာန်းပြီးနောက် ပြဿနာများကို ဖြေရှင်းပေးခြင်းထက် ဆန္ဒပြမှုများကိုထိန်းချုပ်ခြင်း ဦးဆောင်သူများကို အရေးယူခြင်းသာများကြောင်း အမတ်များနှင့် ပညာရှင်များမှ ဝေဖန်၏။

နိုဝင်ဘာ ၂၉ ၊ The Voice ။ ။ ဥရောပသမဂ္ဂက မြန်မာတွင် လုံထိန်း ၄၀၀၀ ကို အဓိကရုဏ်း ကိုင်တွယ်ဖြေရှင်းနည်း သင်တန်းပို့ချမည်ဟု ဥရော ပသမဂ္ဂ လူ့အဖွဲ့အစည်းဆိုင်ရာမူဝါဒ ချမှတ်ရေး ကျွမ်းကျင်သူ David Hamilton မှဆို၏။

နိုဝင်ဘာ ၂၉ ၊ The Voice ။ ။ SPR စက်ဘူမှ မြန်မာသို့ အွန်လိုင်းမှ ငွေလွှဲနိုင် DBS ဘဏ်(စက်ဘူ) ဧရာဝတီဘဏ်မှ စီစဉ်နေ၏။

ထိပ်တန်းစီးပွားရေးပညာရှင်များနှင့် ဒေါ်အောင်ဆန်းစုကြည် ဆွေးနွေး

BBC ၊ နိုဝင်ဘာ ၂၉ ။ ။ အန်အယ်လ်ဒီ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်အောင်ဆန်း စုကြည်ရဲ့ ဩစတြေးလျားနိုင်ငံခရီးစဉ်အတွင်း ဝန်ကြီးချုပ် Tony Abott ၊ နိုင်ငံခြားရေး ဝန်ကြီး ဂျူလီ ဘစ်ရှော့ပ်တို့နဲ့ ဒီကနေ့ ကင်ဘာရာမြို့မှာတွေ့ဆုံခဲ့ ပါတယ်။

အဲဒီ မတိုင်ခင်တော့ ဆစ်ဒနီမြို့က Lowy Institute of International Policy ဌာနချုပ်မှာ စီးပွားရေး ပညာရှင်တွေ၊ ဩစတြေးလျားက ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်တွေ အပါအဝင် လူ ၁၀၀ နီးပါးနဲ့ တွေ့ဆုံခဲ့ပါတယ်။

အဲဒီတွေ့ဆုံပွဲမှာ ဒေါ်အောင်ဆန်းစုကြည် ပြောသွားတာတွေနဲ့ ပတ်သက်လို့ဩစတြေးလျား နိုင်ငံ Macquarie University က တွဲဘက်ပါမောက္ခဒေါက်တာ Sean Turnell ကို ဆက်သွယ်ပြီး မေးကြည့်တော့ သူအဓိကပြောသွားတာက မြန်မာနိုင်ငံရဲ့ ဖွံ့စည်းပုံဥပဒေကို ပြင်ဖို့လိုအပ်နေတဲ့ အကြောင်း ဖြစ်တယ်လို့ဆိုပါတယ်။

ဒါ့အပြင် အန်အယ်ဒီပါတီဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးကိစ္စတွေကို ကိုင်တွယ်ဖို့နဲ့ပတ်သက်ပြီး သုတေသနလုပ်ငန်းတွေ အများကြီးလုပ်ထားတာရှိသလို နည်းလမ်းသစ်တွေကိုလည်း ကြံဆနေတယ်၊ နောက်ထပ် ဆွေးနွေးတဲ့ အထဲမှာတော့ မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲရေးတွေလုပ်ခဲ့ပေမယ့်လိုအပ်ချက်တွေရှိနေသေးကြောင်း ဖွဲ့စည်းပုံဥပဒေပြင်ဆင်ရေးအတွက် ဩစတြေးလျားလို နိုင်ငံမျိုးဆီကတွန်းအားပေးဖို့လည်းလိုကြောင်းတွေ ပြောတယ်လို့ဒေါက်တာ SeanTur nell က ပြောပါတယ်။

ပြီးတော့ မြန်မာပြည် စီးပွားရေးဖွံ့ဖြိုးမှုရအောင် ဥပဒေစိုးမိုးမှုလည်း ရှိဖို့လိုတယ်ဆိုတာတွေကို ဒေါ်အောင်ဆန်းစုကြည် ကထည့်ပြောခဲ့ကြောင်း သိရပါတယ်။

စီးပွားရေးနဲ့ပတ်သက်ပြီးဒေါ်အောင်ဆန်းစုကြည်ရဲ့အမြင်အယူအဆတွေဟာ သိပ်ကောင်းတာ တွေ့ရပါတယ်၊ ဥပမာတခု ပြောရရင် သူ့အနေနဲ့ မြန်မာနိုင်ငံကို ၂၀ ရာစုပုံစံနဲ့ မသွားသင့်ဘူး၊ ၂၁ ရာစုပုံစံနဲ့သာ သွားသင့်တယ်ဆိုတာမျိုး တော်တော်ကောင်းတယ်၊ ဆိုလိုတာက ၂၁ ရာစုမှာ စားနပ်ရိက္ခာထုတ်လုပ်တဲ့ နိုင်ငံတွေဟာ တပန်းသာလိမ့်မယ်၊ တခြားကုန်ပစ္စည်း ထုတ်လုပ်တဲ့နိုင်ငံတွေဟာ ၂၀ ရာစုမှာ အလုပ်ဖြစ်ခဲ့ပေမယ့် ၂၁ ရာစုကျတော့ အဲဒီလောက် အလုပ်ဖြစ်မှာ မဟုတ်တော့ဘူးလို့ သုံးသပ် သွားတာကလည်း အလွန်အားရစရာဘဲလို့ ဒေါက်တာ Sean Turnell က ဆိုပါတယ်။

ဒို့အပြင် တရုတ်လိုနိုင်ငံမျိုးဟာ ကုန်ပစ္စည်းတွေ အများအပြား ထုတ်နေပြီး အပြိုင်အဆိုင်များလာတာနဲ့အမျှ ထုတ်ကုန်ပစ္စည်းတွေ ဟာလည်း ဈေးပေါလာနိုင်တယ်၊ တခါ တရုတ်နဲ့ အိန္ဒိယလို နိုင်ငံတွေမှာ စားနပ်ရိက္ခာကို အလုံအလောက် မထုတ်လုပ်နိုင်ဘူး၊ ဒီတော့ အဲဒီနိုင်ငံကြီးတွေကြားမှာရှိနေတဲ့ မြန်မာပြည်ဟာ စားနပ်ရိက္ခာထုတ်လုပ်မယ်ဆိုရင် အခွင့်အလမ်းတွေ ကောင်းလိမ့်မယ် ၊ ဒါကြောင့် စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်သင့်တယ်ဆိုတဲ့ အယူအဆက သိတ်ကို လက်ခံနိုင်စရာ အချက်ဘဲလို့ စီးပွားရေးပညာရှင်က ပြောပါတယ်။

၂၀၁၅ ရွေးကောက်ပွဲကို လွတ်လွတ်လပ်လပ်နဲ့ တရားမျှတအောင် ကျင်းပပေးဖို့ ဩစတြေးလျားက တောင်းဆိုထားပါပြီး အဲဒီလိုဖြစ်ဖို့က ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း လိုအပ်တဲ့ မျှတမှုရှိဖို့လိုကြောင်း၊ ဒါနဲ့ပတ်သက်လို့ဩစတြေးလျားအစိုးရကိုလည်း စောင့်ကြည့်ပေးဖို့ တိုက်တွန်းတာရှိမယ်လို့ သူ့အနေနဲ့ ထင်ကြောင်း ဒေါက်တာ Sean Turnell က ရှင်းပြခဲ့ပါတယ်။

ဩစတြေးလျားအနေနဲ့ကလည်းကမ္ဘာမှာဒီမိုကရေစီသက်တမ်းအရှည်ဆုံးနိုင်ငံတခုဖြစ်တာနဲ့အညီ ဒီကိစ္စမှာဝင်ပြောဖို့ တာဝန်ရှိတယ်လို့ သူထင်ကြောင်း ဒေါက်တာ Sean Turnell က ဆိုသွားခဲ့ပါတယ်။

နိုင်ငံရေးမလုပ်ဟု စစ်ထောက်လှမ်းရေးဟောင်း ဗိုလ်ခင်ညွန့်ဆို

RFA ၊ နိုဝင်ဘာ ၂၈ ။ ။ယခင်စစ်အစိုးရလက်ထက်ကထောက်လှမ်းရေးညွှန်ကြားရေးမှူးဟောင်း၊ ဝန်ကြီးချုပ်ဟောင်း၊ ဗိုလ်ချုပ်ကြီးဟောင်း ဦးခင်ညွန့်က နိုင်ငံရေးလုံးဝလုပ်မှာ မဟုတ်ဘူးလို့ ဒီနေ့မှာ ကတိပေးပြောကြားလိုက်ပါတယ်။

လျှပ်တစ်ပြက်ဂျာနယ် အယ်ဒီတာချုပ် ဦးမြတ်ခိုင်က ဦးခင်ညွန့်အကြောင်း တွေ့ဆုံမေးမြန်းထားချက်တွေကို စုစည်းပြီး Quality Publising House ကစာအုပ်အဖြစ်ထုတ်ဝေလိုက်တဲ့အတွက် ကန်တော်ကြီးကရတိတ်ခန်းမမှာပြုလုပ်တဲ့သတင်းစာရှင်းလင်းပွဲမှာ ကတိပေးပြောကြားခဲ့တာပါ။

လူငယ်တွေ ဦးစီးလုပ်ဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်တဲ့အတွက်ကြောင့် နိုင်ငံရေးလုပ်ဆောင်တော့မှာ မဟုတ်ကြောင်း ဗိုလ်ချုပ်ကြီးဟောင်း ဦးခင်ညွန့်က ပြောပါတယ်။

"နိုင်ငံရေးထွက်လုပ်တောမယ်လို့ သတင်းဌာနတချို့ကကျနော့်ကိုရေးနေကြတယ်၊ ကျနော်က အသက်အရွယ်လည်းရလာပြီ၊ နိုင်ငံရေးလုပ်ရမယ့် အခြေအနေမျိုး၊ အချိန်အခါမျိုး ကျနော်တို့ အရွယ်မဟုတ်တော့ပါဘူး၊ ကျွမ်းကျင်တဲ့လူငယ်တွေ၊ ပညာတတ်တွေ အများကြီးရှိတယ်၊ သူတို့ကနေ တိုင်းပြည်အတွက် ဆောင်ရွက်သွားကြမယ်လို့ ကျနော့်အနေနဲ့ ယုံကြည်ပါတယ်၊ ဒါကြောင့်မို့လို့ဒီနေရာကနေပြီး တော့မှ နိုင်ငံရေး ဘယ်တော့မှ မလုပ်ပါဘူးဆိုတာ ကျနော်အား လုံးကို ပွင့်ပွင့်လင်းလင်း ပြောပါတယ်"

ယခင်စစ်အစိုးရနဲ့ ပတ်သက်တဲ့ ဝေဖန်ပြောဆိုနေမှုတွေနဲ့ ပတ်သက်ပြီး ဦးခင်ညွန့်က ဒီကိစ္စတွေဟာ အစိုးရအဖွဲ့အားလုံးမှာ တာဝန်ရှိတဲ့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန်စွပ်စွဲပြောဆိုဖို့ မသင့်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

Quality Publising House က ထုတ်ဝေတဲ့ ဗိုလ်ချုပ်ကြီးဟောင်း၊ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဟောင်း၊ နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်နဲ့ အင်တာဗျူးဆိုတဲ့ စာအုပ်တအုပ်ကို ငွေကျပ် ၃၀၀၀ ကျပ်နဲ့ ဖြန့်ချိရောင်းချမှာ ဖြစ်ပါတယ်။

ရန်ကုန်ရောက် UNFC အဖွဲ့ဝင်များ တိုင်းရင်းသားအရေး လိုက်လံဆွေးနွေး

RFA ၊ နိုဝင်ဘာ ၂၄ ။ ။ ရန်ကုန်မြို့ကိုရောက်ရှိနေတဲ့ညီညွှတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ UNFCခေါင်းဆောင်တွေဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နဲ့ ရန်ကုန်တက္ကသိုလ်ရိပ်သာလမ်းက ဒေါ်အောင်ဆန်း စုကြည်နေအိမ်မှာ ဒီကနေ့ နေ့လည်ပိုင်းက တွေ့ဆုံခဲ့ပါတယ်။

UNFC အဖွဲ့က ဒုဥက္ကဋ္ဌ စောဒေးဗစ်သာကပေါ်၊ ရူးအောဘယ်တိုဒ်၊ အထွေထွေအတွင်းရေးမှူး နိုင်ဟံသာနဲ့ဒေါ်အောင်ဆန်းစုကြည်တို့ဟာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနဲ့ဒီမိုကရေစီရေးကိစ္စတွေကိုဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

ရန်ကုန်မြို့ကို ရောက်ရှိနေတဲ့ ညီညွှတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC ခေါင်းဆောင် သုံးဦးဟာညီညွှတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ် UNA အဖွဲ့ဝင်တွေနဲ့ ဒီနေ့တွေ့ဆုံရာမှာ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ဖို့အတွက် အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းနဲ့ ပတ်သက်ပြီး နှစ်ဘက် ကွာဟချက်တွေကို ဆွေးနွေးခဲ့ပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာလက ကေအိုင်အိုဌာနချုပ် လိုင်ဇာမြို့မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေရဲ့ ညီလာခံကျင်းပခဲ့ပြီးအဲဒီညီလာခံကရရှိလာတဲ့ သဘောတူညီချက် ၁၁ ချက်နဲ့ အစိုးရကရေးဆွဲထားတဲ့ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းပါ အသုံးအနှုန်းတွေအပေါ် သဘောထား ကွဲလွဲနေခဲ့တာလို့ ဒီနေ့ဆွေးနွေးပွဲကို တက်ရောက်ခဲ့တဲ့ UNA အဖွဲ့ဝင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ်က အခုလိုပြောပါတယ်။

"ကျနော်တို့ကို သူတို့ရှင်းပြတဲ့အထဲမှာ အခွန်ကောက်တာနဲ့ ပတ်သက်ပြီးတော့မှ အစိုးရဘက်ကကောက်ရင်တော့ အခွန်ပေါ့ဗျာ၊ သူတို့ဘက်ကဆို ဆပ်ကြေးဆိုတာမျိုး နောက်တပ်သားသစ်တွေမစုဆောင်းရဘူး၊ လက်နက်တွေ မစုဆောင်းရဘူး စသဖြင့်ပေါ့နော်၊နောက် MPC ဘက်က သုံးတဲ့အသုံးအနှုန်းက သူတို့ကိုယ်သူတို့အစိုးရလို့လည်းမသုံးဘူး၊ တခြားအဖွဲ့အစည်းလည်းမသုံးဘူး၊ နိုင်ငံတော်လို့ပဲသုံးနေတယ်ပေါ့၊ အဲဒီအပေါ်မှာလည်း စကားလုံးအရပြင်ဖို့ပေါ့နော်၊ နောက် UNFC နဲ့ တိုင်းရင်းသားအဖွဲ့တွေက သုံးထားတဲ့ တော်လှန်ရေးဆိုတဲ့ အသုံးအနှုန်းမျိုး၊ ဒါလည်းပဲ အစိုးရဘက်က ပြန်ပြီးတော့ အလျော့အတင်းလုပ်စေချင်တယ်ဆိုတဲ့အပေါ်မှာ ကျနော်တို့ကတော့ ငြိမ်းချမ်းရေးရရှိဖို့သာ အဓိကကျတယ်၊ အစိုးရဘက်ကရော ဒီ UNFC ဘက်ကရော ပြည်သူ့မျက်နှာထောက်ပြီးတော့ လျော့တန်သင့်တာလျော့ပါပေါ့၊ အဲလောက်တော့ ကျနော်တို့အကြမ်းဖျင်း အကြံဉာဏ်ပေးခဲ့ကြပါတယ်"။

UNFC အဖွဲ့ဟာ ထိုင်း-မြန်မာနယ်စပ်အခြေစိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၁ ဖွဲ့နဲ့ ဖွဲ့စည်းထားတာဖြစ်ပြီး ၊ UNA ကတော့ ပြည်တွင်း တိုင်းရင်းသားနိုင်ငံရေးပါတီ ၆ ပါတီနဲ့ ဖွဲ့စည်းထားတာပါ။

UNFC ဒုတိယဥက္ကဋ္ဌတွေဖြစ်တဲ့ ပဒီဒေးဗစ်သာကပေါ်၊ ခွန်အောဘယ်တိုဒ်နဲ့အတွင်းရေးမှူးနိုင်ဟံသာတို့ဟာ UNA အပြင် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌဝန်ကြီးဦးအောင်မင်းနဲ့လည်း မနေ့ကတွေ့ဆုံခဲ့ပါတယ်။

ဒုံအပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်တွေနဲ့လည်း ဒီနေ့ညနေပိုင်းမှာ သီးခြားစီတွေ့ဆုံခဲ့ပါတယ်။

ပင်လုံညီလာခံ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းမည်

RFA ၊ နိုဝင်ဘာ ၂၉ ။ ။ ပင်လုံညီလာခံလို အနှစ်သာရရှိတဲ့ ပြည်ထောင်စုညီလာခံကျင်းပနိုင်ဖို့အတွက်ကနဦးအလုပ်အဖွဲ့ကိုလာမယ့်ဒီဇင်ဘာလထဲမှာ ဖွဲ့စည်းသွားမှာဖြစ်ကြောင်း ရှစ်လေးလုံး ငွေရတုကော်မတီ ဒီနေ့ ဆုံးဖြတ်လိုက်ပါတယ်။

အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံညှိနှိုင်းပြီး ပင်လုံညီလာခံလို ပြည်ထောင်စုညီလာခံကျင်းပနိုင်ဖို့ ဒီကော်မတီက ကြားခံအနေနဲ့လိုက်လံဆွေးနွေးပေးမှာဖြစ်ပါတယ်။

ကနဦးကော်မတီမှာတော့ နိုင်ငံရေးပါတီခေါင်းဆောင်တွေကို ထည့်သွင်းမထားသေးဘဲ လွှတ်တော်ပြင်ပက နိုင်ငံရေးအင်အားစုတွေကို စုစည်းမှာဖြစ်တယ်လို့ ရှစ်လေးလုံးအရေးတော်ပုံ ငွေရတုကော်မတီအဖွဲ့ဝင် ဦးတိုးကျော်လှိုင်က RFA ကိုပြောပါတယ်။

"လွှတ်တော်ပြင်ပနိုင်ငံရေးအင်အားစုများကိုအဓိကထားပြီးတော့ စုစည်းတာဖြစ်တဲ့အတွက်ကြောင့် ဒီကနဦးကော်မတီထဲမှာ နိုင်ငံရေးပါတီတွေ မပါဝင်သင့်ကြောင်းကို ကျနော်တို့ ဆုံးဖြတ်ထားတာရှိပါတယ်၊ ဒါပေမယ့်လို့ ဒီအဆင့်မှာပြောတာပါ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့နိုင်ငံလုံးဆိုင်ရာညီလာခံကိုဦးတည်ပြီးသွားမှာဖြစ်တဲ့အတွက်ကြောင့် နောက်အဆင့်တွေမှာတော့ နိုင်ငံရေးအင်အားစုတွေ၊ နိုင်ငံရေးပါတီတွေအားလုံးနဲ့ ပေါင်းစပ်ပြီးလုပ်ကိုင်ရမှာပါ၊ ဒီရွေးချယ်မှုနည်းစနစ်နဲ့ ပတ်သက်ပြီးတော့ တချို့ criterion လေးတွေ ကိုသာ နိဒါန်းအရ စဉ်းစားထားတာဖြစ်ပါတယ်"

ဒုံအပြင် နောက်ပိုင်းဖွဲ့စည်းမယ့် ကော်မတီထဲမှာတော့ နိုင်ငံရေးပါတီခေါင်းဆောင်တွေကို ထည့်သွင်းမှာဖြစ်တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ သြဂုတ်လကကျင်းပခဲ့တဲ့ ရှစ်လေးလုံးငွေရတု ကြေညာချက်တွေထဲမှာပါဝင်တဲ့ ပြည်ထောင်စုညီလာခံ ကျင်းပနိုင်ရေးဆိုတဲ့အချက်ကို အကောင်အထည်ဖော်ခြင်းဖြစ်တယ်လို့ သိရပါတယ်။

ဒီအတောအတွင်း ပြည်နယ်အဆင့် အမျိုးသားညီ လာခံတွေ ကျင်းပပြီးမှ တနိုင်ငံလုံး အတိုင်းအတာနဲ့ ပင်လုံကဲ့သို့ ညီလာခံကျင်းပဖို့ အစိုးရနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကို တောင်းဆိုကြောင်း ကယားပြည်နယ်က လူငယ်အဖွဲ့အစည်းတွေစုပေါင်းပြီး ဒီနေ့ ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။

ကယားပြည်နယ် လွိုင်ကော်မြို့ နာနတ်တောရပ်ကွက်မှာရှိတဲ့ ကက်သလစ်ဓမ္မာရုံမှာ လူငယ်အဖွဲ့ အစည်းတွေ စုပေါင်းကျင်းပခဲ့တဲ့ ဆွေးနွေးပွဲကနေ ကြေညာချက်ထုတ်ပြန်တာဖြစ်ကြောင်း ကရင်နီပြည်လူငယ်များသမဂ္ဂ ဗဟိုကော်မတီဝင်တစ်ဦးဖြစ်သူ ခွန်းအသန်းက ပြောပါတယ်။

အမျိုးသမီးများအား အကြမ်းဖက်မှုပယောက်ရေး လုပ်ရှားမှုစတင်

RFA ၊ နိုဝင်ဘာ ၂၅ ။ ။ ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ထားတဲ့ အမျိုးသမီးတွေအပေါ် နည်းမျိုးစုံနဲ့ အကြမ်းဖက်မှုပယောက်ရေး ၁၆ ရက်ကြာ လှုပ်ရှားမှုတွေကို ရန်ကုန် စစ်တွေနဲ့ ကချင်ပြည်နယ် ဗန်းမော်မြို့တွေမှာ ဒီနေ့ကစပြီး လာမယ့် ဒီဇင်ဘာလ ၁၀ရက်နေ့အထိ ကျင်းပနေပါတယ်။

နှစ်စဉ် နိုဝင်ဘာလ ၂၅ ရက်နေ့ကို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပယောက်ရေးနေ့အဖြစ် ကုလသမဂ္ဂက သတ်မှတ်ထားတာဖြစ်ပြီး ဒီနှစ်မှာ တကမ္ဘာလုံးက အမျိုးသမီးတွေ လိမ္မော်ရောင်တူညီ ဝတ်စုံတွေ ဝတ်ဆင်ပြီး ပညာပေးဟောပြောပွဲတွေ ကျင်းပတာဖြစ်ပါတယ်။

ရခိုင်ပြည်နယ် စစ်တွေမြို့က ပညာပေးဟောပြောပွဲတွေကို အမျိုးသမီးများစင်တာ Sittway Women's Center က ဦးဆောင်ပြီး ဒီနေ့မှာ စတင်ကျင်းပတာဖြစ်ပြီး အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုတွေ လျော့နည်းလာစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ပညာပေးကျင်းပတာဖြစ်တယ်လို့ တာဝန်ခံ ဒေါ်စောမီမီသန်း ကပြောပါတယ်။

"ကျမတို့ဒီနေ့ကစပြီး ၁၆ ရက်ကြာလှုပ်ရှားမှု လုပ်သွားမှာဖြစ်ပါတယ်၊ ကျမတို့ ရခိုင်ပြည်နယ်မှာဖြစ်နေတဲ့ အခြေအနေအပေါ်မှာ အမျိုးသမီးတွေ လုံခြုံရေးအခြေအနေလည်းမရှိဘဲနဲ့ဒီအမျိုးသမီးငယ်တွေရော၊ အမျိုးသမီးကြီးတွေနေပြီးတော့ ဒီနေရာ တိုင်းမှာဖြစ်နေတဲ့ မုဒိန်းမှုတွေနဲ့ လူသတ်မှုတွေကို ရပ်တန့်ပေးဖို့အတွက် ကျမတို့က တောင်းဆိုသွားမှာဖြစ်ပါတယ်"

နိုဝင်ဘာလ ၂၅ ရက်နေ့ဟာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပယောက်ရေးနေ့အဖြစ် သတ်မှတ်ထားတာဖြစ်သလို လာမယ့် ဒီဇင်ဘာလ ၁၀ရက်နေ့ဟာလည်းနိုင်ငံတကာလူ့အခွင့်အရေးနေ့လည်းဖြစ်ပါတယ်။ ရန်ကုန်မြို့မှာတော့ ထောင်နဲ့ချီတဲ့အမျိုးသမီးတွေကပြည်သူ့ရင်ပြင်မှာ ပညာပေးပြပွဲမျိုးစုံ ကျင်းပနေတာပါ။

အလားတူ ပညာပေးပြပွဲတွေ ဟောပြောပွဲတွေကို ကချင်ပြည်နယ် ဗန်းမော်မြို့ရှေ့ကျီးနားရပ်ကွက် တံခွန်တိုင်ဘုန်းတော်ကြီးကျောင်းစစ်ဘေးဒုက္ခသည်စခန်းမှာလည်း ကျင်းပခဲ့ပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေမှာ အမျိုးသမီးတွေဟာ အကြမ်းဖက်ခံရမှု အများဆုံးဖြစ်တယ်လို့ တံခွန်တိုင် ဘုန်းကြီးကျောင်းမှာ အခမ်းအနားဦးဆောင်ကျင်းပသူ ဒေါ်ယွန်းနဒီခိုင်က ပြောပါတယ်။

"ကမ္ဘာကသတ်မှတ်ထားတဲ့အမျိုးသမီးတွေရဲ့အခွင့်အရေးတွေကို ကျမတို့ နိုင်ငံတော်အနေနဲ့ရော လူထုတွေအားလုံးကို ကျယ်ကျယ်ပြန့်ပြန့် သိစေချင်တာပေါ့နော်၊ ပဋိပက္ခ၊ လက်နက်ကိုင် တိုက်ပွဲတွေကြောင့်မို့ အမျိုးသမီးတွေ လိင်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုစိတ်ချမှုမရှိဘူး၊ အဲဒါလေးတွေကိုလည်း ကျမတို့ အပစ်အခတ် အမြန်ဆုံးရပ်စဲဖို့အတွက်လည်း သဘောသက်ရောက်ပါတယ်၊ အမျိုးသမီးတင်မကဘဲ လူထုတွေအားလုံးကို သိစေချင်တာပေါ့နော်"

ကမ္ဘာအနှံ့နိုင်ငံတွေက အမျိုးသမီး ၁၀၀ မှာ ၇၅ ယောက်လောက်ဟာ အကြမ်းဖက်မှုတနည်းနည်းနဲ့ တွေ့ကြုံနေရတာဖြစ်ကြောင်းကမ္ဘာ့ကုလသမဂ္ဂက ထုတ်ပြန်ကြေညာထားပါတယ်။

ဒီနှစ်ကျရောက်တဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပယောက်ရေး ပညာပေးဆွေးနွေးပွဲ ပြပွဲတွေကို တကမ္ဘာလုံးက အမျိုးသမီးထု သန်းတထောင် ပါဝင်ဆွေးနွေးနိုင်ဖို့ ဦးတည်ထားတယ်လို့လည်း နိုင်ငံတကာ အမျိုးသမီးအဖွဲ့တွေက ကြေညာထားပါတယ်။

ဦးကျော်သူနဲ့ ဒေါက်တာ စင်သီယာမောင် မဲဆောက်မြို့တွင် တွေ့ဆုံ

RFA ၊ နိုဝင်ဘာ ၂၆ ။ ။ နာရေးကူညီမှုအသင်း(ရန်ကုန်)ရဲ့ဥက္ကဋ္ဌဦးကျော်သူနဲ့အဖွဲ့ဟာ ဒီကနေ့မနက်ပိုင်းက ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့ကို ရောက်ရှိလာပြီး မယ်တော်ဆေးခန်းနဲ့ မနောဖြူစင် ရေလှူအသင်းအပါအဝင် ပရဟိတလုပ်ဆောင်နေတဲ့ အဖွဲ့အစည်းတွေနဲ့တွေ့ ဆုံပြီး လူမှုရေးလုပ်ငန်း အတွေ့အကြုံတွေ ဖလှယ်ခဲ့ကြပါတယ်။

ဦးကျော်သူနဲ့အဖွဲ့ဟာ ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့ မယ်တော်ဆေးခန်းမှာ ဒေါက်တာစင်သီယာမောင်နဲ့ တနာရီနီးပါးကြာ တွေ့ဆုံ ဆွေးနွေးခဲ့ပြီး ဒေါက်တာစင်သီယာမောင်ရဲ့ ကျန်းမာရေး၊ပညာရေး လုပ်ဆောင်နေမှုတွေကို လေ့လာခွင့်ရခဲ့တာနဲ့ပတ်သက်လို့ ဦးကျော်သူက အခုလိုပြောပါတယ်။

"ဒါအစိုးရက လုပ်ရမယ့်ကိစ္စတွေ၊ ဒါကိုဒီမှာ ဆရာမစင်သီယာမောင်တို့ကနေပြီးတော့ တကယ့်ကို လူသားခြင်းစာနာစိတ်နဲ့လုပ်ကိုင်ပေးတာ တွေ့တဲ့အတွက်ကြောင့် ကျနော် အများကြီးဝမ်းလည်းသာတယ်၊ကျေးဇူးလည်းတင်တယ်၊ကျနော်တို့ရဲ့ပြည်တွင်းကလူမှုရေးလုပ်ငန်းတွေကို ကျနော်တို့လာပြောတာ၊ ဆရာမကလည်းပြည်ပမှာ လုပ်ရတဲ့ အလုပ်အခက်အခဲလေးတွေ ပြောကြတာ ဖလှယ်တာပဲရှိတယ်"

အစိုးရပိုင်းက လက်လှမ်းမမီတဲ့ဒေသတွေမှာ ရေရှည်ကူညီပေးနိုင်ဖို့အတွက် ပြည်တွင်းမှာရှိတဲ့ လူထုအခြေပြုအဖွဲ့အစည်းတွေအာလုံးအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်လုပ်ကိုင်နိုင်အောင် ပိုင်းဝန်ပံ့ပိုးကြဖို့ လိုအပ်တယ်လို့ ဦးကျော်သူနဲ့တွေ့ဆုံအပြီး ဒေါက်တာစင်သီယာမောင်က ပြောပါတယ်။

"ဒီဘက်မှာလည်း ကျမတို့ တချို့သောနည်းပညာပိုင်ဆိုင်ရာတွေကို ဖလှယ်တာပေါ့၊ အထူးသဖြင့်တော့ ဒီမျက်စိခွဲစိတ်တဲ့ လုပ်ငန်းစဉ်တွေကိုလည်း ပြည်တွင်းထဲမှာ ကိုကျော်သူတို့က စနိုင်ပြီဆိုတော့ ကျမတို့ ဒီမှာရှိတဲ့ဆရာဝန်တွေပေါ့နော်၊ သူတို့ နည်းပညာ ပိုင်းဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုတွေကိုလည်း ကျမတို့ ဆက်လက်ပြီးတော့ ပံ့ပိုးသွားမယ်၊ ပိုင်းတွဲပြီးတော့ လုပ်သွားကြမယ်ပေါ့"

ဦးကျော်သူနဲ့အဖွဲ့ဟာ မဲဆောက်မြို့က ကျောင်းကြီးကျောင်းဘုန်းတော်ကြီးကျောင်းမှာ မဲဆောက်မြို့ မနော်ဖြူစင်ရေလှူအသင်းသားတွေနဲ့လည်းတွေ့ဆုံပြီး ပရဟိတလုပ်ငန်း အတွေ့အကြုံတွေကိုအကြံပြုခဲ့သလို မြဝတီစေတနာနာရေး လူမှုကူညီရေးအသင်းရဲ့ ၉ နှစ်မြောက်အထိမ်းအမှတ် စာပေဟောပြောပွဲမှာလည်း ဦးကျော်သူက သူ့ဖြတ်သန်းခဲ့ရတဲ့ နာရေးကူညီမှု လုပ်ငန်းတွေအကြောင်းကိုဟောပြောခဲ့ပါတယ်။

တခြမ်းပဲ့ ဒီမိုကရေစီ နဲ့ စစ်တပ်ရဲ့ နိုင်ငံရေးဝေလ

RFA ၊ နိုဝင်ဘာ ၂၈ ။ ။ လွန်ခဲ့တဲ့ နိုဝင်ဘာလ ၁၈ ရက်နေ့ကနေပြည်တော်မှာ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူ့သဘောထားရယူပွဲကျင်းပပြီးအခြေခံဥပဒေပြင်ဆင်ရေးနဲ့စစ်တပ်ပြုပြင်ရေးကိုဟောပြောသွားပါတယ်။ နောက်တော့ အခြေခံဥပဒေပြင်ဆင်ရေး အဆင်ပြေဖို့အတွက် သမ္မတ၊ NLD ဥက္ကဋ္ဌ၊ စစ်တပ်အကြီးအကဲနဲ့ လွှတ်တော်ဥက္ကဋ္ဌတွေ တွေ့ဆုံဆွေးနွေးဖို့ နိုဝင်ဘာလ ၂၅ ရက်နေ့မှာ NLD က ကမ်းလှမ်းတဲ့စာ ပေးပို့ပါတယ်။ အာဏာရအဖွဲ့အစည်းဖြစ်တဲ့ ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီကတော့ စစ်တပ်ဦးဆောင်မှုကို လက်ခံပြီး စစ်တပ်အင်အားရှိမှ တိုင်းပြည်အင်အားရှိမယ်လို့ ယုံကြည်ပါတယ်။

ဗမာစစ်တပ်အရောင်အသွေး ပြောင်းလဲပုံက အံ့သြစရာ ဖြစ်နေပါတယ်။ လွတ်လပ်ရေးရဖို့ဆိုတဲ့ နိုင်ငံရေး ရည်ရွယ်ချက်ကြောင့်ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်တပ်လက်အောက်မှာ ဗမာစစ်တပ်ကိုတည်ထောင်ပါတယ်။ အင်္ဂလိပ်စစ်နိုင်လို့ ဗမာစစ်တပ်ကို ပြန်လည်ဖွဲ့စည်းတဲ့အခါ နိုင်ငံရေးကင်းရှင်းတဲ့ စစ်မှုထမ်းတပ်ကိုသာ အင်္ဂလိပ်က လိုလားပါတယ်။ ဗြိတိသျှစစ်မစ်ရှင်နဲ့ ဗမာအရာရှိတွေ လက်တွဲပြီး ကြီးကြပ်တဲ့ ၁၉၄၈-၁၉၅၅ အထိဖြစ်တဲ့ (၇) နှစ်ကာလမှာ ဗမာစစ်တပ်ဟာ စစ်မှုထမ်းသက်သက်ဖြစ်ပါတယ်။ နိုင်ငံရေးယုံကြည်ချက်ရှိတဲ့ စစ်ဗိုလ်အချို့ဟာ တောခိုပြီး ကွန်မြူနစ်နဲ့ လက်တွဲပါတယ်။

အာဏာရအစိုးရအဖွဲ့ဖြစ်တဲ့ ဖဆပလအဖွဲ့ချုပ် နှစ်ခြမ်းကွဲသွားတဲ့အခါ ၁၉၅၈ စက်တင်ဘာလမှာ စစ်အာဏာသိမ်းပြီး စစ်ဗိုလ်ဦးဆောင်တဲ့ အိမ်စောင့်အစိုးရဖွဲ့ပါတယ်။ အောက်တိုဘာလရောက်တော့ မိတ္ထီလာတပ်မှူးများညီလာခံမှာ 'တပ်မတော်ရဲ့ဝါဒနဲ့လုပ်ငန်းစဉ်'ဆိုတဲ့ နိုင်ငံရေးယုံကြည်ချက်ကို ကြေညာပါတယ်။ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီထွန်းကားရေး၊ ဆိုရှယ်လစ်စီးပွားရေးစနစ်ထူထောင်ရေး စတဲ့ ဒို့တာဝန်အရေး (၃) ပါးဖြစ်ပါတယ်။ ဒီမိုကရေစီထူ ထောင်ရေးနဲ့ ကွန်မြူနစ်ဆန့်ကျင်ရေးကို စစ်တပ်ကသာ လုပ်နိုင် တယ်ဆိုတဲ့သဘောဖြစ်ပါတယ်။ တပါတီ အာဏာရှင်စနစ်ကို ဆန့်ကျင်တယ်လို့လည်းဆိုပါတယ်။ စစ်ဗိုလ်ဦးဆောင်တဲ့ အိမ်စောင့် အစိုးရက ၁၉၆၀ မှာ ရွေးကောက်ပွဲကျင်းပပေးပြီး အနိုင်ရတဲ့ ဦနုပါတီကို အာဏာလွှဲပြောင်းပေးတဲ့အတွက် ဗမာစစ်တပ်ကို ကမ္ဘာက ချီးကျူးကြပါတယ်။

ဒါပေမဲ့ ၁၉၆၂ မတ်လမှာ စစ်တပ်ကအာဏာသိမ်းပြန်တဲ့အတွက် ဦးနုအစိုးရဟာ (၂) နှစ်နီးပါးသာ အုပ်ချုပ်လိုက်ရပါတယ်။ ၁၉၅၈ က ကြေညာခဲ့တဲ့ စစ်တပ်ရဲ့ နိုင်ငံရေးယုံကြည်ချက်ဟာ (၄)နှစ်သာခံပါတယ်။ ၁၉၅၈ တပ်မှူးများညီလာခံက မယုံကြည်ဘူးလို့ ကြေညာခဲ့တဲ့ တပါတီအာဏာရှင်စနစ်ကို ၁၉၆၂ တပ်မှူးများညီလာခံက ယုံကြည်ကြောင်းကြေညာပါတယ်။အာဏာရဖို့အတွက် ဗမာစစ်တပ်ဟာ ဘာမဆိုလုပ်ရဲကိုင်ရဲ ပြောရဲဆိုရဲဖြစ်လာပါတယ်။ ဆိုရှယ်လစ်ဝါဒကိုယုံကြည်လာအောင် (၂၆) နှစ် သင်တန်းပေးခဲ့ပေမယ့် ၁၉၈၈ အရေးတော်ပုံကြောင့် တပါတီစနစ် ပျက်စီးသွားတဲ့အခါ စစ်အာဏာရှင်ခေတ်ပြန်ရောက်သွားခဲ့ပြန်ပါတယ်။ အဲဒီအခါမှာ (၂၆) နှစ်လုံးလုံးမယုံကြည်ပါဘူးဆိုပြီးပြစ်တင်ရှုတ်ချခဲ့တဲ့ အရင်းရှင်ဈေးကွက်စီးပွားရေးကို ကျင့်သုံးမယ်လို့ စစ်တပ်က ကြေညာပါတယ်။

၁၉၆၂ မှာ စစ်တပ်အာဏာသိမ်းပြီး ၁၂ နှစ်ကြာတော့မှ ၁၉၇၄ အခြေခံဥပဒေကို ပြဋ္ဌာန်းပြီး ဗိုလ်ချုပ်ကြီးနေဝင်းက ဦးနေဝင်းကိုအာဏာလွှဲပေးပါတယ်။ဦးနေဝင်းအရပ်သားအစိုးရဖွဲ့စည်းချိန်မှာတိုင်းပြည်စီးပွားရေးချွတ်ခြုံကျလို့ ပေါ်ပေါက်လာတဲ့ အလုပ်သမားနဲ့ကျောင်းသားအုံကြွမှုတွေကို စစ်တပ်က အကြမ်းဖက်နှိမ်နင်းပါတယ်။ ဒါပေမဲ့အနောက်တိုင်း၊အရှေ့တိုင်းအစိုးရတွေနဲ့အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအဖွဲ့အစည်းတွေက ဦးနေဝင်းအစိုးရရဲ့ဆိုရှယ်လစ်မျက် လှည့်ကိုအဟုတ်မှတ်ပြီး ငွေကြေးထောက်ပံ့ကြပါတယ်။ နိုင်ငံခြား ထောက်ပံ့မှုကြောင့် မဆလအစိုးရသက်ဆိုးရှည်ခဲ့ပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကတော့ အနစ် (၂၀) မင်းလုပ်ပြီးမှ ၂၀၀၈ အခြေခံဥပဒေကို ပြဋ္ဌာန်းပြီး ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန်ကို အာဏာလွှဲပေးတာကြောင့် သံတူကြောင်းကွဲ ဖြစ်နေပါတယ်။

ဗမာစစ်တပ်ရဲ့ အစဉ်အလာကိုကြည့်ရင် မိမိရပ်တည်ရေးအတွက် ယုံကြည်ချက်အမျိုးမျိုး အရောင်အသွေး အမျိုးမျိုးပြောင်းလဲလာတာကိုတွေ့နိုင်ပါတယ်။ ဗမာစစ်တပ်မှာ နိုင်ငံရေးယုံကြည်ချက်မရှိဘဲ ကိုယ်ကျိုးစီးပွားသာ ရှိပါတယ်။ နိုင်ငံရေးယုံကြည်ချက် မရှိဘဲ ဒီမိုကရေစီစနစ်တည်ဆောက်လို့ မရနိုင်ပါဘူး။ လက်ရှိပါတီစုံစနစ်ဟာ မဆလတပါတီစနစ်ထက် ပိုပြီးပွင့်လင်းမြင်သာ ပျော့ပျောင်းပြီး စစ်အုပ်စုရဲ့ အကျိုးစီးပွားကို ကာကွယ်တဲ့နေရာမှာလည်း ပိုပြီးပညာသာပါတယ်လို့ ပြောနိုင်ပါတယ်။ တခြမ်းပဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတာမို့ တခြမ်းက ပြုပြင်ရေးလုပ်နေတုန်း ကျန်တခြမ်းက အရင်အတိုင်း စစ်အုပ်စုရဲ့ အကျိုးစီးပွားအတွက် ဆက်လုပ်နိုင်အောင် ဖန်တီးထားတဲ့အစီအစဉ်သာ ဖြစ်နေပါတယ်။

လက်ရှိ စစ်အုပ်စုရဲ့ အားသာချက်တွေကတော့ ဓါတ်ငွေ့သိုက်တွေ့ရှိမှု၊ နိုင်ငံခြားအရင်းအနှီးနဲ့ အထောက်အပံ့ရရှိမှု၊ ပညာတတ်အရပ်သားကို အသုံးပြုနိုင်မှု၊ အခြေအနေလိုက်ပြီး အပြောင်းအလဲ လုပ်နိုင်မှု စတာတွေဖြစ်ပါတယ်။ မျက်မှောက်ခေတ် မြန်မာသမိုင်း ကိုကြည့်ရင် စစ်တပ်ကပြဋ္ဌာန်းတဲ့နိုင်ငံရေးစနစ်ကိုသာတိုင်းပြည်မှာကျင့်သုံးနိုင်တာတွေ့ရပါတယ်။ ဒါကြောင့် တိုင်းသူပြည်သားတွေအနေနဲ့ မိမိယုံကြည်တဲ့ နိုင်ငံရေးစနစ်ကို ပြဋ္ဌာန်ခွင့်ရှိမရှိဆိုတာကို စောင့်ကြည့်ဖို့သာ ရှိပါတယ်။

"ဘဝဆိုတာ စိန်ခေါ်မှုပါပဲ။ အဲဒါကြောင့်မို့လို့ ကျမတို့ဟာ အင်မတန်မှ ကြီးမားတဲ့ စိန်ခေါ်မှုကြီးဖြစ်တဲ့ ကျမတို့ရဲ့ ပြည်ထောင်စု ထူထောင်ရေးကို လုပ်ဖို့ဟာ ကျမတို့မှာ အခွင့်အလမ်းရတယ်။ ဒါဟာမျိုးဆက်တိုင်း မျိုးဆက်တိုင်းမှာ ရတာမဟုတ်ပါဘူး။ ဒါကြောင့် ကျမတို့ ပြည်သူပြည်သားများဟာ ဒီခေတ်ဒီအခါမှာမွေးလာပြီးတော့ မြန်မာနိုင်ငံရဲ့ ပြန်လည်ထူထောင်ရေး၊ ပြန်လည် ငြိမ်းချမ်းရေး၊ ပြန်လည်ညီညွတ်ရေးကို လုပ်ပိုင်ခွင့်ရှိတာဟာ အထူးအခွင့်အရေးလို့ မြင်စေချင်ပါတယ်။ ဒီဟာကို ပြဿနာကြီးလို့မမြင်စေချင်ပါဘူး။ စိန်ခေါ်မှုဆိုတာ အခွင့်အရေးပါ။ ပြဿနာမဟုတ်ပါဘူး။ ဒီစိန်ခေါ်မှုကို ကျမတို့အနေနဲ့ မှန်မှန်ကန်ကန်ရင်ဆိုင်ဖို့သာ လိုတာဖြစ်ပါတယ်။"

ခေါ်အောင်ဆန်းစုကြည်

သမတဦးသိန်းစိန် ဖိလစ်ပိုင်နိုင်ငံသို့ နိုင်ငံတော်ခရီးစဉ်အဖြစ် သွားရောက်ရန်ရှိ

VOA ၊ နိုဝင်္ဘာ ၂၅ ။ ။ မြန်မာသမ္မတ ဦးသိန်းစိန်ဟာ ပထမဆုံးအကြိမ် နိုင်ငံတော်ခရီးစဉ်အဖြစ် ဖိလစ်ပိုင်နိုင်ငံကို ရှေ့တပတ်ထဲ သွားရောက်ဖို့ စီစဉ်ထားပါတယ်။ အရပ်သားအစိုးရရဲ့အကြီးအကဲတဦးအနေနဲ့ပထမဆုံးအကြိမ်သွားမယ့်ခရီးစဉ် အတွင်းမှာတော့ ၂ နိုင်ငံကြား ကိစ္စရပ်တွေ သာမက ဒေသတွင်းကိစ္စတွေကိုပါ ဆွေးနွေးနိုင်ဖို့ မျှော်လင့်ထားတဲ့အကြောင်းလည်း နှစ်နိုင်ငံအစိုးရတာဝန်ရှိသူတွေက ပြောပါတယ်။အပြည့်အစုံကိုတော့ ဆက်သွယ်စုံစမ်းထားတဲ့ မအင်းကြင်းနိုင်က တင်ပြပေးထားပါတယ်။

သမ္မတဦးသိန်းစိန်ဟာ ဖိလစ်ပိုင်နိုင်ငံကို ဒီဇင်ဘာ ၄ ရက်ကနေ ၆ ရက် အထိလာရောက်မှာဖြစ်တယ်လို့ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ တနလင်္ဂနေ့ ထုတ်ပြန် ကြေညာချက်မှာ ဖော်ပြထားပါတယ်။ ၂၀၁၄ခုနှစ်မှာအာဆီယံဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်မယ့်သမ္မတဦးသိန်းစိန်အစိုးရအတွက် ဒီဖိလစ်ပိုင်ခရီးစဉ်မှာ ထူးခြားမှုတွေရှိနေပါတယ်။ အထူးသဖြင့် တောင်တရုတ်ပင်လယ် ရေပြင်ပိုင်နက်နဲ့ပတ်သက်လို့တရုတ်နဲ့အာဆီယံလိုက်နာရမယ့်စည်းမျဉ်းစည်းကမ်းတွေကိုမြန်မာအနေနဲ့ အာဆီယံဥက္ကဋ္ဌဖြစ်လာမယ့်အချိန်မှာ စတင်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့ရှိတယ်လို့ပြန်ကြားရေးဒုဝန်ကြီးဦးရဲထွဋ်က ပြောပါတယ်။

"ဖိလစ်ပိုင်ကလည်း ကျနော်တို့နိုင်ငံရဲ့ အာဆီယံဥက္ကဋ္ဌရာထူးတာဝန်ပေးအပ်ဖို့ ထောက်ခံပါတယ်။ ကျနော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့လည်း အသင့်ရှိပါတယ်။ နောက်တခုကတော့ ကျနော်တို့ ဥက္ကဋ္ဌရာထူးလက်ထက်မှာ ဆက်ပြီးတော့မှ ဆွေးနွေးရမယ့် ဒေသဆိုင်ရာကိစ္စတွေရှိတာပေါ့။ ဥပမာဆိုပါတော့-တောင်တရုတ်ပင်လယ်နဲ့ပတ်သက်ပြီးတော့မှ ကျနော်တို့ အာဆီယံနဲ့ တရုတ်နိုင်ငံကြား လိုက်နာဆောင်ရွက်ရမယ့် အခြေခံစည်းမျဉ်းတွေနဲ့ပတ်သက်လို့ ဆွေးနွေးမယ့်ကိစ္စမျိုးတွေကတော့ ကျနော်တို့ ဥက္ကဋ္ဌတာဝန်ယူတဲ့အချိန်မှာ စရမယ့် သဘောမျိုးရှိတယ်လေ။ဒီလိုကိစ္စမျိုးတွေအတွက်လည်း ကျနော်တို့အမြင်ချင်းဖလှယ်နိုင်တာပေါ့။"

ဒုံအပြင် သမ္မတဦးသိန်းစိန်ရဲ့ ခရီးစဉ်အတွင်း စိုက်ပျိုးရေးနဲ့ ခရီးသွားလားရေး လုပ်ငန်းတွေမှာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကို အဓိကထား ဆွေးနွေးဖို့လည်း ရှိတယ်လို့ ဦးရဲထွဋ်ကဆိုပါတယ်။

"အဓိက-ကတော့ ကျနော်တို့က အများဆုံးရည်မှန်းတာတော့ လယ်ယာစိုက်ပျိုးရေးကဏ္ဍပေါ့။ နောက် ခရီးသွားလုပ်ငန်းကဏ္ဍ။ အဲဒါမျိုးတွေမှာတော့ ကျနော်တို့ ပိုပြီးတော့ မျှော်မှန်းထားတာပေါ့။ ဖိလစ်ပိုင်မှာတော့ လယ်ယာစိုက်ပျိုးရေးကဏ္ဍက တော်တော် ဖွံ့ဖြိုးတိုးတက်နေတာကိုး။ အဲဒါမျိုးတွေလည်း ကျနော်တို့ လေ့လာဖို့ မှန်းထားတယ်။ ကျနော်တို့ ရင်းနှီးမြှုပ်နှံဖို့တော့ အဲဒါတွေ ဆွေးနွေးဖို့ ရှိပါတယ်။"

ဒီနှစ်ဖွန်လတုန်းက နေပြည်တော်မှာကျင်းပခဲ့တဲ့ ကမ္ဘာ့စီးပွားရေးညီလာခံမှာ ဖိလစ်ပိုင်သမ္မတ အကီနိုနဲ့ သမ္မတဦးသိန်းစိန်တို့နှစ်ဦးတွေ့ဆုံပြီး နှစ်နိုင်ငံ ဆက်ဆံရေးအတွက် ဆွေးနွေးခဲ့ကြတာပါ။

ဖိလစ်ပိုင်နိုင်ငံမှာ ပြီးခဲ့တဲ့သီတင်းပတ်တွေက တိုက်ခတ်ခဲ့တဲ့ ဟိုင်ယန်တိုင်ဖွန်မုန်တိုင်းသင့် ဒုက္ခသည်တွေအတွက် မြန်မာအစိုးရကနေ အမေရိကန်ဒေါ်လာ တသိန်းနဲ့ ကူညီကယ်ဆယ်ရေး ပစ္စည်းတွေကို ထောက်ပံ့ကူညီပေးခဲ့တယ်လို့ ဦးရဲထွဋ်က ပြောပါတယ်။

"ဖိလစ်ပိုင်မှာ ပြီးခဲ့တဲ့ တိုင်ဖုန်းမုန်တိုင်းမှာ ဘေးဒုက္ခခံခဲ့ရတဲ့ ပြည်သူတွေအတွက် ကျနော်တို့အစိုးရကနေပြီးတော့ ငွေသားလှူပါတယ်။ ပြီးလို့ရှိရင် ကျနော်တို့ တပ်မတော်ကလည်း လေယာဉ်ပျံတစီးနဲ့ ရေသန့်ဗူးတွေ၊ ဆေးဝါးတွေ၊ နောက် အစားအသောက်တွေသွားပြီးတော့မှ ပို့ဆောင်ပေးခဲ့ပါတယ်။ ဒီဘက်က တပ်မတော်အရာရှိတွေ လိုက်သွားပြီးတော့ ဖိလစ်ပိုင်ကလည်း တပ်မတော်က အကြီးအကဲက လက်ခံပြီးတော့ ယူခဲ့ကြပါတယ်။ ကျနော်တို့က အစိုရချင်း ဆက်ဆံရေးရော- တပ်မတော်ချင်း ဆက်ဆံရေးရော ကောင်းမွန်တဲ့ အနေအထားမှာရှိပါတယ်။ ဒါကို ပိုပြီးတော့ တိုးမြှင့်နိုင်မှာပေါ့။"

၂၀၀၅ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံကို အရင် နအဖစစ်အစိုးရ လက်ထက် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းက နောက်ဆုံး သွားရောက်ခဲ့တာပါ။ ဖိလစ်ပိုင်နဲ့မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်သွယ်ရေးကို ၁၉၅၆ ခုနှစ်ကတည်းက စတင်ခဲ့တာဖြစ်ပြီး ၂၀၁၆ ခုနှစ်မှာဆိုရင် နှစ် ၆၀ ပြည့်မှာ ဖြစ်ပါတယ်ရှင်။

စာရင်းကျန် ၃၀၀၀ ကို အမဲစာရင်းက မပယ်ဖျက်နိုင်

The Voice Weekly ၊ နိုဝင်္ဘာ ၂၄ ။ ။ ပြည်ပရောက် နိုင်ငံရေး လှုပ်ရှားသူ အများစုသည် ယခင်အစိုးရက ထုတ်ပြန်ထားသည့် Black List တွင် ကျန်ရှိနေရာ စာရင်းဝင် ၃၀၀၀ ခန့်ကို အစိုးရက ထပ်မံပယ်ဖျက်ပေးမရတော့ကြောင်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောကြားသည်။

အဆိုပါ Black List စာရင်းဝင် ၃၀၀၀ မှာ နိုင်ငံတကာ ရဲတပ်ဖွဲ့အင်တာပိုလ်၏ အမည်မည်း စာရင်းတွင်လည်း ပါရှိနေသဖြင့် နိုင်ငံတကာ သဘောတူညီချက်များအရ မြန်မာအစိုးရ အနေနှင့် စာရင်း ပယ်ဖျက်၍ မရခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"တခြားနိုင်ငံမှာ သွားပြီးစီးပွားရေးလုပ်၊အကြွေးမဆပ်ဘဲပြေးတဲ့ သူတွေ၊ ပြည်ပမှာ ပြစ်မှုတခုခု ကျူးလွန်တဲ့ မြန်မာနိုင်ငံသားတွေကို အင်တာပိုက သတ်မှတ်ထားတာ" ဟု ဦးအောင်မင်းက ဆိုသည်။

အဆိုပါ Black List စာရင်း ဝင်နေသူများ အနေနှင့် ၎င်းတို့၏ ပြစ်မှုများကို သက်ဆိုင်ရာ နိုင်ငံများတွင် ဖြေရှင်းပြီးမှသာ ယင်းစာရင်းမှ လွတ်မြောက်မည်ဖြစ်ကြောင်း၊ အမှုမဖြေရှင်းနိုင်သေးပါက အမည်မည်း စာရင်းမှ လွတ်မြောက်မည်မဟုတ်ကြောင်း အစိုးရအဖွဲ့ တာဝန်ရှိသူ တစ်ဦးက ပြောဆိုသည်။

သမ္မတဦးသိန်းစိန် လက်ထက် ၂၀၁၂ ခုနှစ် ဩဂုတ်လနှင့်နိုဝင်ဘာလတို့ အတွင်း ဒေါ်အောင်ဆန်းစုကြည်၏ သားနှစ်ဦးအပါအဝင် နိုင်ငံခြားသား ၉၃၅ ဦး၊ နိုင်ငံသား ၁၇၃၄ ဦးနှင့် ကုမ္ပဏီ ၂၀၄ ခုကို Black List မှ ပယ်ဖျက်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနက Black List သွင်းထားသူ ဆရာဝန် တထောင်ကျော်ကို ယခုနှစ် အောက်တိုဘာလ အတွင်း အဆိုပါစာရင်းမှ ပယ်ဖျက်ခဲ့သည်။

ပြည်ပရောက် မြန်မာနိုင်ငံသား ၆၀၀၀ ကျော်ကို တပ်မတော် အစိုးရ လက်ထက်တွင် Black List စာရင်းသို့ ထည့်သွင်းခဲ့ကြောင်း အစိုးရအဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရသည်။

အကြမ်းဖက်မှု ပပျောက်ရေးနေ့ ချင်းမိုင် အမျိုးသမီးများအဖွဲ့ ကျင်းပ

RFA ၊ နိုဝင်္ဘာ ၂၅ ။ ။ ဒီနေ့ကျရောက်တဲ့ နိုင်ငံတကာ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့မှာ ထိုင်းနိုင်ငံ ချင်းမိုင်မြို့အခြေစိုက် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) WLB အဖွဲ့ကလည်း မြန်မာပြည်မှာ စစ်ဝါဒကျင့်သုံးနေမှုတွေ ရပ်တန့်ဖို့နဲ့ တိုင်းပြည်ငြိမ်ချမ်းရေး အတွက် ပြည်သူလူထုတရပ်လုံး ပူးပေါင်းလုပ်ဆောင်ကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုပပျောက်ရေး၊ နည်းပေါင်းစုံ အကြမ်းဖက်မှုတွေ ရပ်တန့်ပေးဆိုပြီး တိုက်တွန်းနှိုးဆော်လိုက်တာနဲ့ ပတ်သက်လို့ ပလောင်အမျိုးသမီး အစည်းအရုံးက တွဲဖက်အထွေထွေ အတွင်းရေးမှူးလည်းဖြစ် အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ WLB အဖွဲ့ရဲ့ သဘာပတိအဖွဲ့ဝင်လည်းဖြစ်တဲ့ မလေးပိုးငယ်က RFA ကို အခုလို ပြောပါတယ်။

"ကျမတို့ မြန်မာပြည် လက်ရှိအခြေအနေကို ကြည့်မယ်ဆိုရင်တော့ အစိုးရက ပြည်တွင်းငြိမ်ချမ်းရေးနဲ့ပတ်သက်ပြီး အကောင်အထည်ဖော်တဲ့ ဟာတွေလည်းရှိတယ်၊ ဒါပေမဲ့ တကယ့်တကယ် ကျမတို့ ဒေသတွေမှာ အခုအချိန်အထိ စစ်တွေက ဆက်ဖြစ်နေတုန်းပဲလေ၊ ငြိမ်းချမ်းရေး ရရှိဖို့အတွက်ကတော့ ပထမဦးဆုံးအနေနဲ့ စစ်မီးတွေငြိမ်းဖို့လိုအပ်တယ်၊ ဒီလိုစစ်ဖြစ်တဲ့အခါမှာ အမျိုးသမီးတွေက အများဆုံးအဖိနိပ်ခံနေရတဲ့ အခြေအနေတွေမှာရှိတယ်၊ မုဒိန်းကျင့်ခံရတာ၊ ပေါ်တာဆွဲခံရတာ၊ လင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ခံရတဲ့ဟာတွေ အများကြီးရှိပါတယ်။ ဒါကြောင့်မို့ ကျမတို့တွေက အစိုးရကိုသော်လည်းကောင်း၊ ဒီတိုင်းရင်းသား လက်နက်ကိုင်တွေကို သော်လည်းကောင်း ငြိမ်းချမ်းရေးစကားပြောတဲ့အခါမှာ အမျိုးသမီးတွေ ပါဝင်သင့်တယ်ဆိုပြီး တိုက်တွန်းထားတာရှိတယ်"

မြန်မာအမျိုးသမီးအများစုဟာ ဘက်ပေါင်းစုံကနေပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လင်ပိုင်းဆိုင်ရာ အိမ်တွင်းအကြမ်းဖက်မှု၊ပတ်ဝန်းကျင် အကြမ်းဖက်မှုနဲ့အစိုးရစစ်တပ်ရဲ့ အကြမ်းဖက်မှုအမျိုးမျိုးကို ပိုမိုခံစားလာရတာတွေ့ရပြီး တဖက်မှာလည်း လူမျိုးရေး၊ ဘာသာရေး အသွင်ဆောင်တဲ့ အကြမ်းဖက်မှုတွေဟာ တခုနဲ့တခုဆက်နွယ်နေတာကို တွေ့လာရတယ်လို့လည်း ဆိုပါတယ်။

ဒါကြောင့် အမျိုးသမီးတွေကို ဥပဒေပိုင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုတွေ မဖြစ်မနေလက်တွေ့ချမှတ် အကောင်အထည်ဖော်ဖို့ လိုအပ်နေတာကြောင့် ဥပဒေစိုးမိုးရေး၊ ပြည်တွင်း စစ်ရပ်စဲရေး၊ အခြေခံဥပဒေပြင်ဆင်ရေးတွေဆောင်ရွက်ရာမှာ အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုတွေကို အလေးထားစဉ်းစားပေးသင့်တယ်လို့ မလေးပိုးငယ်က ဆက်ပြောပါတယ်။

"မြန်မာပြည်မှာ အမျိုးသမီးတွေကို အကာအကွယ်ပေးထားတဲ့ ဥပဒေဆိုတာ အတော်နည်းပါးပါတယ်၊ ကျမတို့တွေကို ဥပဒေနည်းအရ ကာကွယ်ပေးတဲ့၊ အမျိုးသမီး ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းဖို့လိုအပ်တယ်၊ အဲ့ဒါကြောင့်မို့ ကျမတို့တွေက ဘယ်သူပဲဖြစ်ဖြစ် ပေါ့နော်၊ ဒေါ်အောင်ဆန်းစုကြည်ရယ်လို့တော့ မဟုတ်ပါဘူး၊ဒါပေမဲ့ အမျိုးသမီးခေါင်းဆောင်တွေပဲဖြစ်ဖြစ်၊ ပါလီမန်မှာထိုင်နေတဲ့ အမျိုးသမီးလွှတ်တော်အမတ်တွေကိုပဲဖြစ်ဖြစ် တိုက်တွန်းချင်တာပေါ့၊ ဒီအမျိုးသမီးတွေကို ကာကွယ်နိုင်မယ့်ဥပဒေ၊ မိသားစုမှာပဲဖြစ်ဖြစ်၊ စစ်မီးတွေမှာပဲဖြစ်ဖြစ်၊ အမှန်တရားအတွက် သူ့ကိုဖော်ထုတ်ပေးနိုင်တဲ့ဥပဒေတွေ ပြဋ္ဌာန်းထားရမယ်၊ ဒဲ့အပြင် အစိုးရကတာဝန်ယူမှု၊ တာဝန်ခံမှုဆိုတာ ရှိရမယ်"

ငြိမ်းချမ်းရေးကိုရှေ့ရှုပြီး အကြမ်းဖက်မှုပပျောက်ရေး ၁၆ရက်တာလှုပ်ရှားမှုဆိုပြီး အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ WLB အဖွဲ့က နိုဝင်ဘာ ၂၅ ရက်နေ့ဒီကနေ့ကစလို့ လာမယ့်ဒီဇင်ဘာ ၁၀ ရက်နေ့အထိ မြန်မာနိုင်ငံသူ နိုင်ငံသားတွေနဲ့အတူ အဖြူရောင်ဝတ်ဆင်ပြီးစစ်ဝါဒအကြွင်းမဲ့ ပပျောက်ရေးအတွက် တိုင်းရင်းသားပေါင်းစုံအနေနဲ့လည်း အမျိုးသမီးထုနဲ့ ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်နှိုးဆော်ထားပါတယ်။

နိုင်ငံရေးဆွေးနွေးပွဲ ၂၀၁၄ မှာ ကြိုးပမ်းမည်

RFA ၊ နိုဝင်္ဘာ ၂၅ ။ ။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ နိုင်ငံရေးအဆင့်ဆွေးနွေးပွဲကို လာမယ့် ၂၀၁၄ ဧပြီလမှာ ဖြစ်မြောက်လာအောင်ကြိုးပမ်းသွားမယ်လို့ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းက ဒီနေ့ပြောကြားလိုက်ပါတယ်။

နိုင်ငံရေးပါတီ ၁၁ ခုနဲ့ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းဦးဆောင်တဲ့ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ရန်ကုန်မြို့ မြန်မာငြိမ်းချမ်းရေးစင်တာမှာ တွေ့ဆုံအပြီး RFA ရဲ့ မေးမြန်းချက်အပေါ်ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းက အခုလိုပြောလိုက်တာပါ။

"တနိုင်ငံလုံး အတိုင်းအတာနဲ့ လက်မှတ်ထိုးတာကတော့ ကျနော်တို့က ဒီဧင်ဘာပြီးရင်တော့ ဘယ်နေ့လုပ်မယ်ဆိုတာ ပါလာမှာပေါ့၊ သို့သော်လည်းပဲ ဒီလုပ်ငန်းစဉ်က အစပဲရှိသေးတယ်၊ သူတို့တောင်းဆိုနေတာက နိုင်ငံရေးဆွေးနွေးပွဲလုပ်ပေးပါ၊ နိုင်ငံရေးဆွေးနွေးပွဲလုပ်ပေးပါ၊ ကျနော်တို့ နိုင်ငံရေးဆွေးနွေးပွဲ စလုပ်မှာပေါ့၊ ကျနော်မှန်းတာကတော့ ဒီ ၂၀၁၄ ခုနှစ် ဧပြီလလောက်မှာ စလုပ်နိုင်အောင် ကြိုးစားကြည့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့က ဒီဥစ္စာကိုတနှစ်ပဲအချိန်ရတယ်"

အပစ်အခတ်ရပ်စဲရေးကနေ နိုင်ငံရေးဆွေးနွေးပွဲတွေ ဖြစ်လာဖို့အတွက် ရည်ရွယ်ချက်နဲ့ နိုင်ငံရေးပါတီ ၁၁ ပါတီက ခေါင်းဆောင်တွေဟာ ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ အရပ်ဖက်လူမှုအဖွဲ့ အစည်းတွေနဲ့ ပြီးခဲ့တဲ့ နိုဝင်ဘာလ ၂၂ ရက်နေ့က ဆွေးနွေးခဲ့ကြပါတယ်။

အဲဒီ ချင်းမိုင်ဆွေးနွေးပွဲက တွေ့ရှိချက်တွေကို ဒီနေ့မြန်မာ ငြိမ်းချမ်းရေးစင်တာမှာ ဝန်ကြီးဦးအောင်မင်းတို့နဲ့ တွေ့ဆုံပြီးရှင်းပြတာဖြစ်ပါတယ်။ လာမယ့်ဒီဧင်ဘာလအတွင်း ကရင်ပြည်နယ် ဘားအံမြို့မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးနဲ့ အစိုးရပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖေါ်ဆောင်မှု လုပ်ငန်းကော်မတီတို့ တွေ့ဆုံဆွေးနွေးဖို့ရှိပါတယ်။

အဲဒီဆွေးနွေးပွဲကနေ တနိုင်ငံလုံး အပစ်ခတ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးနိုင်မယ်လို့လည်း မျှော်လင့်ကြောင်း သိရပါတယ်။ လတ်တလောမှာတော့ ရန်ကုန်မြို့နဲ့ ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ပြည်တွင်းနိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေ တွေ့ဆုံဆွေးနွေးနေကြတာပါ။

ယခင် ထောက်လှမ်းရေးများကို နိုင်ငံရေးအကျဉ်းသား သတ်မှတ်မည်မဟုတ်ဟုဆို

The Voice Weekly ၊ နိုဝင်္ဘာ ၂၃ ။ ။ တပ်မတော်အစိုးရ လက်ထက်တွင် အကျဉ်းချခံခဲ့ရသော ထောက်လှမ်းရေးဟောင်းများကို နိုင်ငံရေးအကျဉ်းသားများအဖြစ် မသတ်မှတ်ရန် လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီက ဆုံးဖြတ်လိုက်ကြောင်း ယင်းကော်မတီဝင် ဦးရဲအောင်က ပြောကြားသည်။

ကမာရွတ်မြို့နယ်ရှိ မြန်မာငြိမ်းချမ်းရေး စင်တာ (Myanmar Peace Center) ၌ နိုဝင်ဘာ ၂၃ ရက်နေ့က ပြုလုပ်သော (၁၀) ကြိမ်မြောက် လက်ကျန်နိုင်ငံရေး အကျဉ်းသားများ စိစစ်ရေးကော်မတီ အစည်းအဝေးတွင် အထက်ပါအတိုင်း ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

အစိုးရသစ်လက်ထက်တွင် နိုင်ငံတော် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွှတ်ပေးရေးအတွက် နိုင်ငံရေးအကျဉ်းသားများကို စိစစ်ပေးနေသော်လည်း အကျဉ်းထောင်များအတွင်းရှိ ထောက်လှမ်းရေးဟောင်း ၂၁ ဦးကို နိုင်ငံရေးအကျဉ်းသားဟု သတ်မှတ်မည်မဟုတ်ကြောင်း ၄င်းကရှင်းပြသည်။

"နိုင်ငံရေး အကျဉ်းသားဟောင်းတွေကို ဦးစားပေးနေပါတယ်၊ ထောက်လှမ်းရေးတွေကိုတော့ သာမန်လူတွေလို နှစ်ရှည်လများကျနေတဲ့သဘောနဲ့ စဉ်းစားဖို့ဆုံးဖြတ်လိုက်ပါတယ်" ဟု ၄င်းက ဆိုသည်။

အဆိုပါ ထောက်လှမ်းရေးများကို နိုင်ငံရေးအကျဉ်းသားများဟု သတ်မှတ်ခြင်း မရှိသော်လည်း လူသားချင်းစာနာမှုဖြင့် သီးခြား လွှတ်ပေးရန်အတွက် နိုင်ငံတော်သမ္မတထံသို့ အကြံပြုလွှာ ပေးပို့သွားမည်ဖြစ်ကြောင်း လက်ကျန်နိုင်ငံရေး အကျဉ်းသားများစိစစ်ရေး ကော်မတီ ထံမှ သိရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အကျဉ်းထောင်များ အတွင်းရှိ နိုင်ငံရေးအကျဉ်းသားများအားလုံးကို ၂၀၁၃ ခုနှစ် မကုန်မီ လွှတ်ပေးမည်ဟုကတိပြုပြောဆိုထားသော်လည်းလက်ရှိအနေအထားတွင်နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများ အစိုးရက ဖမ်းဆီးနေသည့်အတွက်ထပ်မံ အကျဉ်းကျခံရသောကြောင့် အကျဉ်းသား ၁၇ ဦး ထပ်မံ တိုးမြင့်လာကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း AAPP မှ ဦးဘိုကြည် ကပြောကြားသည်။

"ဒီရက်ပိုင်းအတွင်း တိုးလာတဲ့ အကျဉ်းသားတွေကို စိစစ်ပြီး နိုင်ငံရေးအကျဉ်းသားအဖြစ်သတ်မှတ်ထားပါတယ်"ဟု၄င်းက ဆိုသည်။

အစိုးရသစ် လက်ထက်တွင် နိုင်ငံရေး အကျဉ်းသားများကို ၁၂ ကြိမ် လွှတ်ပေးခဲ့ပြီး အကျဉ်းသား ၁၃၀၀ ကျော် လွှတ်မြောက်ခဲ့ကာ အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား ၈၀ ကျော် ကျန်ရှိနေကြောင်း နိုင်ငံရေး အကျဉ်းသားဟောင်းများအဖွဲ့၏ ထုတ်ပြန်ချက်များ အရ သိရသည်။

ယခင် ထောက်လှမ်းရေးအကြီးအကဲဟောင်း ဦးခင်ညွန့်က လည်း အကျဉ်းကျ ထိန်းသိမ်းခံနေရသော ထောက်လှမ်းရေးတပ်မှူးများကို လွှတ်ငြိမ်းချမ်းသာခွင့်ပေးရန် နိုင်ငံတော်သမ္မတထံတင်ပြထားကြောင်းရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်က နိုဝင်ဘာလ ပထမပတ်အတွင်း ကျင်းပသော တိုင်းဒေသကြီး လွှတ်တော်တွင်ပြောကြားခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ထောက်လှမ်းရေးအကြီးအကဲဦးခင်ညွန့်အပါအဝင် ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များကို ဖမ်းဆီးခဲ့ပြီးနောက်တပ်မတော်ထောက်လှမ်းရေး အဖွဲ့ကို ဖျက်သိမ်းခဲ့သည်။

Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: mgthuka@gmail.com
koko@gol.com

ဘဉ္ဇရ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်